စိတ်ကူးချိုချိုအနုပညာ

mgyoe.com



# မြန်မာ့ဝတ္ထုတို

# ( ၂၀၀၆ )

စိတ်ကူးချိုချိုစာအုပ်တိုက်မှစီစဉ်သည်။

mgyoe.com

mgyoe.com



၂၀၀၆ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်
မြန်မာမဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဝတ္ထုတိုများမှ
ကောင်းနိုးရာရာ ရွေးချယ်စုစည်းတင်ဆက်မှု
စိတ်ကူးချိုချိုစာအုပ်တိုက်၏ အစီအစဉ်။

mgyoe.com

kls0013
2700.00 Ks

mgyoe.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၅၀၀၅၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၇၉၀၆၀၈ ဖြင့်

မျက်နှာဖုံးပုံကို Aung Kyaw ရေးဆွဲပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန် တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ ဩဂုတ်လတွင် တန်ဖိုး ၂၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ မြင်းမိုရ်ပြို၍ ပိသူများ | နန္ဒာစိုး(ဆင်ဖြူကျွန်း) | ၁ |
| ၂။ ကိုးနှစ်လီ ဆယ့်ငါး | ဆွန်အဲလူ | ၆ |
| ၃။ ထိုနှစ်ယောက် | သစ္စာနီ | ၁၁ |
| ၄။ ကောင်းကင်မရှိတဲ့ကြယ် | နတ်မှူး | ၁၇ |
| ၅။ မုဆိုးမသုံးယောက်၏သားများ | ယဉ်ယဉ်နု(မန္တလေး) | ၂၄ |
| ၆။ ဆေးရုံ | မြင့်သန်း | ၂၈ |
| ၇။ အသံမပြည်သောခေါင်းလောင်းများ | ငွေဇင်ယော်ဦး(မိုးကုတ်) | ၃၄ |
| ၈။ ယနေ့မှစ အနှစ်တစ်ရာတိုင် | သက်ထွန်း(ဆေးသိပ္ပံ) | ၄၁ |
| ၉။ စာသုံးစောင် | ရဲဘုန်းခေါင် | ၄၈ |
| ၁၀။ မိုးခါးရေအယ်လဂျီ | မောင်လွင်မွန်(ကသာ) | ၅၄ |
| ၁၁။ တွယ်ငြိတတ်သည် | ရွှေသဥ္ဇာ | ၆၀ |
| ၁၂။ အိမ်ငှားနေသူများ | မောင်ညိုပြာ | ၆၅ |
| ၁၃။ နောင်ဘဝမှာလည်း စာရေးဆရာ | စုမီအောင် | ၇၀ |
| ၁၄။ မြစ်အနောက်ဘက်တောင်တန်းများ | မောင်ရင့်မာ(ကျောင်းကုန်း) | ၇၄ |
| ၁၅။ နေ့တိုင်းမြင်နေကျ မုန်ထဲကမျက်နှာ | လက်ာရည်ကျော် | ၇၉ |
| ၁၆။ လူတစ်ယောက်အကြောင်း | လွန်းထားထား(ဆေးတက္ကသိုလ်) | ၈၄ |
| ၁၇။ ပိုက်ဆံကြဲကြပါဗျို့ | နုနုရည်(အင်းဝ) | ၈၈ |
| ၁၈။ အဘိုးသေသည့်နေ့ | အဏ္ဏဝါစိုးမိုး | ၉၂ |
| ၁၉။ ဆေးရုံပေါ်ကတစ္ဆေ | မောင်ကျော်သာ(ပဲခူး) | ၉၈ |
| ၂၀။ ခရီး | အမ်လှိုင် | ၁၀၃ |
| ၂၁။ ငွေအကြောင်းပြောတဲ့ ငရဲပြည်ဝတ္ထု | လင်းသော်ဝေ | ၁၀၇ |
| ၂၂။ သောကြာနေ့ည မီးရထားဥသြသံ | ပိုင်စိုးဝေ | ၁၁၃ |
| ၂၃။ စနေသားကျောင်း | ငြိမ်းအေးအိမ် | ၁၁၈ |
| ၂၄။ ပြတင်းပေါက်ကို ဖွင့်ချင်တယ် | ဂျူး | ၁၂၃ |
| ၂၅။ မြလင်းသူ မုန့်တီရောင်းနေသည် | မောင်ခိုင်အောင် | ၁၃၁ |
| ၂၆။ သက်ဆိုး | ခင်အောင်ဝင့် | ၁၃၇ |
| ၂၇။ ယတြာ | နှင်းဝေငြိမ်း | ၁၄၂ |
| ၂၈။ ရင်ကွဲကောင်းကင် | ကိုမောင်ငွေသိန်း(ပွေးလှ) | ၁၅၁ |
| ၂၉။ ကြားသုံးကြား | နှင်းပန်းအိမ် | ၁၅၈ |



mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မြင်းမိုရ်ပြို၍ ပိသူများ

နန္ဒာစိုး (ဆင်ဖြူကျွန်း)



'လောကကြီးမှာ အဖေမပေါ်တဲ့ သားသမီးသာ ရှိတယ်။ အကြောင်းအမျိုးမျိုးကြောင့် အဖေနာမည် မပေါ်ဘဲ မွေးလာတဲ့ သားသမီးတွေကို ပြောတာပေါ့။ ဒါပေမဲ့ အမေမပေါ်တဲ့သားရယ်လို့တော့ ရှိမလာနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သားသမီးမှန်သမျှဟာ အမေတွေကိုယ်တိုင်က ဝမ်းနဲ့လွယ်ပြီး မွေးဖွားလာရတဲ့ သူတွေချည်း ဖြစ်နေလို့ပဲ . . .'တဲ့။

ဘယ်ပညာရှိ ပြောသွားသော စကားမှန်း ကျွန်တော်လည်း ပြန်မပြောတတ်ပါ။ ဘယ်သူ ထုတ်နုတ်သွားခဲ့သော အဆိုအမိန့်မှန်းလည်း ကျွန်တော်မဖြေရှင်းတတ်ပါ။ သို့သော် အဆိုအမိန့်လိုလို၊ ဒဿနလိုလို အထက်ပါစကားလုံးတွေကိုတော့ ကျွန်တော်ကြားဖူးခဲ့တာ သေချာပါသည်။ 'အောင်မယ်၊ ဟုတ်တုတ်တုတ်ပဲဟ'ဟု သဘောကျ မှတ်သားခဲ့မိဖူးတာလည်း ကျွန်တော် ရဲရဲပြောဝံ့ပါသည်။

မှန်သည်လေ။ ဘယ်သားသမီးမဆို ကိုးလလွယ်ဆယ်လဖွားသော (ခြောက်လလွယ်၊ ခုနစ်လဖွားလည်းရှိပါသေး) မိခင်၏ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေနေခဲ့ကြရသူတွေချည်း မဟုတ်လား။ သည်တော့ လောကမှာ အဖေမပေါ်သော သားသာရှိမည်။ အမေ မပေါ်သော သားဆိုတာ မရှိနိုင်ဟု တရားသေကောက်ချက်ဆွဲရတော့မလိုလို ဖြစ်ရလေတော့သည်။ 'အဖေမပေါ်ဘူး' ဆိုတာက အဖေမရှိတာကို ဆိုလိုတာမဟုတ်။ အဖေ့နာမည် ဘယ်သူဘယ်ဝါရယ်လို့ ပတ်ဝန်းကျင်အလယ်မှာ မဖော်ပြနိုင်ဘဲ မွေးဖွားလာခဲ့ခြင်းကို ပြောလိုရင်း ဖြစ်ပါသည်။

အမေဆိုတာကတော့ သည်လိုမဟုတ်။ သူကိုယ်တိုင်က ဝမ်းနှင့်လွယ်၍ မွေးပြလိုက်ခဲ့သူ ကာယကံရှင်စစ်ကြီးဖြစ်လေတော့ အဖြေက ဘောလုံးကွင်းအလယ်မှာ ဘူဒိုဇာမောင်းပြသလို ထင်ရှားနေသည်ပဲ။ ထို့ကြောင့် အမေမပေါ်တဲ့သားဆိုတာ မရှိနိုင်လို့ အပိုင်အနိုင် ကောက်ချက်ချခဲ့ကြခြင်း ဖြစ်တန်ရာသည်ဟု ကျွန်တော့် ဉာဏ်နှစ်ပြားဖိုးခန့်နှင့်တွေးကာ သဘောကျ မှတ်သားခဲ့မိခြင်း ဖြစ်ပေလိမ့်မည်။

ထားပါတော့။ အဲဒါက ဟိုတုန်းက ကာလတစ်ခုကသာ ဖြစ်ပါသည်။ ယခုအခါတွင်မူ . . .။

* * *

ပြီးခဲ့သည့်လက သူငယ်ချင်း ကျောင်းဆရာ၏ ကောင်းမှုဖြင့် ကျွန်တော်တို့မြို့နယ် အစွန်အဖျားရွာက

mgyoe.com

လေးတစ်ရွာသို့ ကျွန်တော်ရောက်သွားခဲ့လေသည်။ သူ ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်နေသော ရွာကလေးဟုပဲဆိုပါစို့။

ကျွန်တော့်သူငယ်ချင်းမှာ 'တောပျော်ကြီး' ဖြစ်ဖို့ ဇာတာပါလာခဲ့ဟန်တူ၏။ 'ကျောင်းဆရာဖြစ်ပဟော့'ဆို ကတည်းက ဇာတိမြို့နှင့် ကင်းကွာသွားလိုက်သည်မှာ ယနေ့ထိသာတိုင်ပါလေရော။ ၎င်းတာဝန်ကျသော့ရွာမှာပဲ သေတစ်ပန်သက်တစ်ဆုံး ခေါင်းချအရိုးထုတ်ရမည့်ကိန်းသို့ ဆိုက်သွားခဲ့လေသည်။ သူက အဲဒီရွာသူနှင့် အိမ်ထောင်ကျပေသကိုး။

သည်တော့ အလိုလိုကမှ ကျောင်းဆရာဆိုလျှင် အရပ်ရေး ကြည့်ရမတတ်ဖြစ်နေခဲ့သော ထိုရွာကလူတွေအဖို့ ရွာကကျောင်းဆရာသည် ဇာတိသားလော၊ ပဝတ္တိသားလူဝင်စားလော၊ စောကြောနေဖို့မလို၊ ဖိတ်ချင်းဖိတ် ဂို့အိတ်ထဲဖိတ်လာတဲ့ ရတနာတုံးပဲဟု သဘောကျနှစ်ခြိုက်စွာ ကြည်ဖြူလက်ခံကြိုဆိုကြရုံပင်။ သည်လိုနှင့် အိမ်ထောင်ရှင်တို့ ထုံးစံအတိုင်း ချည်တိုင်မှာ မြဲရရှာလေတော့ရာ ကျွန်တော့်သူငယ်ချင်းခမျာ ထိုရွာသားအဖြစ် ခံယူနေထိုင်ခဲ့ရလေတော့သည်။

သူနှင့်ကျွန်တော်က သူ မြို့သို့ လစာထုတ်ဖို့ အလာ မြို့ထဲက လက်ဖက်ရည်ဆိုင်မှာ ဆုံမိကြခြင်းဖြစ်သည်။ တော်တော်ကြုံခဲဆုံခဲစွာ ဆုံကြရခြင်းဟု သူက ဆိုသည်။ အကြောင်းမူ ခါတိုင်းက သူ့လက်ထောက် ကျောင်းဆရာ (သို့မဟုတ်) ကျောင်းလုပ်သားတို့ကသာ လစာ လာထုတ်လေ့ရှိသောကြောင့်ဟူလို။ ယခုတစ်ခေါက်တွင်မှ သူကိုယ်တိုင် မရောက်တာကြာခဲ့ပြီဖြစ်သောမြို့သို့ အလွမ်းပြေ တစ်ခေါက်တစ်ကျင်း ဆင်းလာခဲ့ခြင်း ဖြစ်ချေသတဲ့။

ကျွန်တော်တို့က ငယ်ငယ်ကတည်းက တပူးတွဲတွဲနှင့်ထူးကဲစွာ ကမြင်းကြောဆွဲခဲ့ကြသည်သူတွေမို့ သံယောဇဉ်လည်း တော်တော်ကြီးကြပါသည်။ ကျောင်းမှာ ထစ်ခနဲရှိ နှစ်ယောက်ပူးချည်း ဆရာရိုက်တာခံခဲ့ကြသူတွေဆိုတော့ ဒီအသက်အရွယ်အထိ သာမန်မေးထူးခေါ်ပြော သူငယ်ချင်းအဆင့်မက ချစ်ခင်ရင်းစွဲရှိကြသည်။ ယခုလို မမျှော်လင့်ဘဲ ပြန်တွေ့ကြလေတော့ နှစ်ယောက်လုံး အတော်ဝမ်းသာကြသည်။ တွေ့တွေ့ချင်းပင် သူက ပြုံးပြုံးကြီး ပြောလေ၏။

"ဟေ့ကောင်ကြီး၊ မသေသေးဘဲကိုးဟ၊ ငါက လည်း မြို့နဲ့ သေခန်းပြတ်သလောက်ဖြစ်နေတော့ မရောက်တာကြာပြီ၊ ခုလိုတွေ့ရတာ ဝမ်းသာလှသကွာ၊ မင်းစာရေးဆရာလုပ်နေတယ်လို့တော့ သတင်းကြားသကွ"

"အေး . . . ငါကလည်း ဝါသနာဘာဂီဆက်တိုင်းမီမဟုတ်ဘဲ ဝါသနာအစွဲ ဆက်တိုင်းမွဲဆိုသလို ကျောင်းကထွက်ကတည်းက စာတွေတကုတ်ကုတ်ရေးရင်း ရေလိုက်လွဲလိုက်တာ ခုထိပဲဆိုပါတော့။ ဒီလိုပဲ စိတ်ကူးပေါ်ရာတွေ လျှောက်ရေးလာရင်းနဲ့ ရေးမဆုံးပေါင် အကြွေးသုံးထောင်ပေါ့ကွာ၊ ငါလည်း မင်းနဲ့တွေ့ရတာ ဝမ်းသာသဟေ့"

"ငါဒီကိုရောက်တိုင်းမေးပါတယ်၊ မင်းနဲ့ဘယ်တော့မှမဆုံရဘူး၊ မင်းရန်ကုန်မှာနေတယ်လို့ချည်းကြားရတယ်။ မင်းတော့ စာရေးဆရာကြီးဖြစ်ပြီး ရန်ကုန်မှာ အိမ်တစ်ဆောင်မီးတစ်ပြောင်နဲ့ ကြီးပွားနေပြီဆိုပြီး မုဒိတာပွားနေရတယ်။ ငါကြားသလိုတော့ ဟုတ်ရဲ့လား"

"ထပ်ထရီ . . . မင်းကို ဘယ်သူကပုံပြောသွားတာတုန်း၊ ရန်ကုန်က တိုက်အမြှောင်ကြားမှာ ဗိုက်အချောင်သားနဲ့ ဘတ်စ်ကားတိုးစီးနေတဲ့ စာရေးဆရာဟာ မင်းသူငယ်ချင်းငါလို့ ပြောင်းပြီးမှတ်၊ ခုလည်း ငါရန်ကုန်ကနေ ခဏပြန်လာတာ၊ တစ်နှစ်ကိုတစ်ခါ မိန်းမလုပ်စာကလေးမှ ကပ်မစားရရင် အသက်တိုနေမှာစိုးလို့ ကပ်စားရအောင် ပြန်ခဲ့တာလေ"

"ဒီလိုဖြင့် မထူးပါဘူးကွာ၊ ကြုံတုန်း ငါ့လုပ်စာကလေးပါ ကပ်စားသွားရအောင် ငါအပြန်ကို ရွာအလည် လိုက်ခဲ့ကွာ၊ ငါနဲ့အတူ ထည့်လိုက်ဖို့ မင်းမိန်းမကို ငါလိုက်ပြောမယ်"

"လုပ်မနေနဲ့ငါ့လူ၊ ငါ့မိန်းမအနေနဲ့က ငါ့ဆိုရင် မော်တော်ကားနောက်မြီးက သတိပေးစာတန်းလိုပဲ 'ဝေး

mgyoe.com

mgyoe.com

လေကောင်းလေ'ပဲကွ၊ စိတ်ချ၊ ဒီနေ့ပဲ မင်းတို့ရွာကို ငါလိုက်ခဲ့မယ်"

အိမ်စောင့်နတ်နှင့် မျက်နှာကြောမတည့်ရုံမျှမက ကိုးကုန်းကိုးကျင်းလျှောက်သွားကာ တေပေနေရန် ဝါသနာထုံလှသော ကျွန်တော့်ကို သူ့ခမျာ အတော်ခဲခဲယဉ်းယဉ်း ဖိတ်ခေါ်ယူရရှာလေသည်။

သည်လိုနှင့် သူတို့ရွာကလေးသို့ ကျွန်တော် လိုက်ပါရောက်ရှိသွားခြင်းဖြစ်သည်။ ရည်ရွယ်ချက်က သူ့ဆီမှာ ၅ရက်ခန့်နေပြီး စာလေးဘာလေးရေးရန် ဖြစ်ပါသည်။ သို့သော် ထိုရည်ရွယ်ချက် အထမမြောက်ပါ။ ၅ရက်တာနေထိုင်ခဲ့သော သူငယ်ချင်း၏ရွာမှာ စာတစ်ပုဒ်မျှလည်း မရေးဖြစ်ခဲ့ပါ။ ထူးထူးခြားခြားဆို၍ ဘယ်တုန်းကမျှ မကြုံခဲ့ရဘူးသော အသုဘတစ်ခုကို လိုက်ပို့ခဲ့ရခြင်းတစ်ခုသာ မှတ်မှတ်ရရပြောရတော့မလို ရှိပါတော့သည်။

မှန်ပါသည်။ ထိုအသုဘသည် ရွာသို့ကျွန်တော် ရောက်ပြီး သုံးရက်မြောက်သောနေ့တွင် ကြုံတွေ့ခဲ့ရသော အသုဘဖြစ်ပါသည်။

* * *

ကွယ်လွန်သူအဘွားအိုက အသက်(၇၀)သီသီ စွန်းနေပြီဟုသိရ၏။ ရွာထုံးစံအတိုင်း အလောင်းကို ဝါးခြမ်းမှာတင်၍ စောင်အဟောင်းကလေးတစ်ထည် လွှမ်းခြုံပြီး ရွာသားလူငယ်တွေက ဝိုင်းထမ်းကာ လိုက်ပို့ကြသည်။ သင်္ချိုင်းရောက်လျှင်လည်း ထိုလူငယ်တွေကပဲ မြေကျင်းဝိုင်းတူးကာ မြေမြှုပ်ကြမည်ဖြစ်သည်။ ရွာမှာ သုဘရာဇာရယ်လို့မရှိ။

ဒါက သူ့အရပ်နှင့်သူ့ထုံးစံ ဘာများ ထူးခြားသေးသနည်းဟု မေးစရာရှိ၏။ မှန်သည်။ ထို အသုဘချသော ဓလေ့က မထူးခြားပါ။ ထူးခြားတာက လိုက်ပို့ကြသောရွာသူရွာသားတွေနှင့် ကွယ်လွန်သူ၏ ကျန်ရစ်သူဆွေမျိုးသားချင်းတွေက ထူးခြားနေခြင်း ဖြစ်လေသည်။

ကျွန်တော့်သူငယ်ချင်း ကျောင်းဆရာ၏ အဆို အရ သိပ်ုံက သွားလေသူ အဘွားအိုတွင် သားသုံးယောက်ရှိ၏။ ထိုသားသုံးယောက်လုံးပင် အသက် ၄၀ ကျော် ၅၀ပြည့်လုနီး အရွယ်တွေဖြစ်ပြီး မိသားစုကိုယ်စီနှင့်ဖြစ်သည်။ အသုဘပို့ကြရာတွင် ထိုမိသားစု (သားသုံးယောက်၏မိသားစုသုံးစု) အားလုံးပင် လိုက်ပါပို့ဆောင်ကြတာကို တွေ့ရပါသည်။

ကျွန်တော်တို့ ရောက်သွားချိန်တွင်မှ အသုဘက မပို့ကြရသေး။ သားအကြီး၊ သားအလတ်နှင့် သူ့မိသားစုနှစ်စုကတော့ ရောက်ရှိနေပြီဖြစ်သည်။ သားကြီးနှင့် သားလတ်တို့ ကိုယ်တိုင်ကတော့ မငိုကြွေးကြပါ။ အသက် ၅၀ပြည့်လုလု ယောကျ်ားရင့်မာကြီးတွေဆိုတော့ ရင်ထဲကပဲကျိတ်၍ ငိုကြွေးပူဆွေးကြဟန် တူပါသည်။ သူတို့နှစ်ယောက်က ဣန္ဒြေမပျက် ထိန်းထားနိုင်ကြသော်လည်း သူတို့၏ ဇနီးများနှင့် သားသမီးများကတော့ 'အမေရဲ့' . . . 'အဘွားရဲ့'ဟု အသံထွက်၍ ငိုကြဟစ်ကြပါသည်။ ထိုစိတ်မချမ်းသာစရာ မြင်ကွင်းကို ကျန်လူအများစုအနေဖြင့် မျက်နှာလွှဲနေကြရုံကလွဲ၍ ဘာမှမတတ်နိုင်ကြပါ။ 'ဒါကတော့ သဘာဝပေကိုး'ဟု နှလုံးသွင်းကြရုံပဲ တတ်နိုင်ကြတော့သည်။

"နေပါဦးကွ၊ လိုက်ပို့မယ်သူတွေ တော်တော်များနေပြီပဲ၊ ဘာလို့ မပို့ကြသေးတာလဲ"

ကျွန်တော်က သူငယ်ချင်း ကျောင်းဆရာကို ကပ်မေးကြည့်မိတော့ 'လူမစုံသေးလို့'ဟု ဖြေသည်။ 'လူမစုံသေး'ဟုဆိုရအောင် ဘယ်သူလိုနေသေးလို့တုန်း။ သားအငယ်ဆုံးမရောက်သေး၍ စောင့်နေကြရသည်ဟု ဆို၏။ အရေးထဲ ဒီသားအငယ်ဆိုသူက ဘယ်တွေလျှောက်သွားနေပါလိမ့်။ ကိုယ့်အမေအသုဘ ပို့ဆောင်ရမည့်ကိစ္စကို မသိဘူးတဲ့လား'ဟု ကျွန်တော် တွေးလိုက်မိသေး၏။

သို့သော် မကြာမီပင် အဖြေပေါ်လာသည်။ 'ဟိုတစ်ဖက်ရွာကိုသွားပြီး ဗုံရှည်ဝိုင်း သွားငှားနေလို့'ဟု အဖြေထွက်၏။ ဗုံရှည်ကြီးနှစ်လုံး၊ ဝါးလက်ခုပ်၊ လင်းကွင်းသမား၊ နဲ့သမားစသော ဝိုင်းတော်သားများနှင့်အတူ အားလုံးက စောင့်နေကြရသော ထိုသားအငယ်

ရောက်လာတာကို မြင်ရ၏။ သူလည်း အသက် ၄၅ ထက် ငယ်မည်မဟုတ်ဟု ခန့်မှန်းရသည်။ အသားညို ညို၊ ဂင်တိုတိုဆိုပေမယ့် သူ့အထက်က အစ်ကိုနှစ်ယောက်ထက်ပို၍ အိုစာနေသလိုပင်။

ထိုသားငယ်ဆိုသူသည် အရက်မူးနေတာလည်း မဟုတ်ရပါ။ ငိုလည်း မငိုကြွေးပါ။ သူသည် ရောက်လာပြီးသည်နှင့်ပင် ကျွန်တော့်အဖို့ ပါးစပ်အဟောင်းသား ဖြစ်သွားစေမည့်စကားကို အများစုကြီး ကြားလောက်အောင် ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်ပြောချလိုက်လေသည်။ သို့သော် သူ့စကားကို မည်သူကမျှ ချီုသည်၊ ခါးသည် မတုံ့ပြန်ကြဘဲ အားလုံးက သက်ပြင်းတွေသာချလိုက်ကြတော့သည်ကို မြင်ရ၏။

"ကိုင်းဟော့၊ ငါတို့ဗုံရှည်ဝိုင်းလည်း ရောက်ပါပြီ။ အလောင်းကတ်စင်ထမ်းကြမယ့် ကာလသားတွေလည်း ထမ်းနိုင်ပါပြီ။ အမေ့အသုဘကို ပို့ကြပါစို့။ ဒီမှာ ငါ့မိသားစုကတော့ ငိုစရာမလိုဘူးနော်၊ ငါလည်း လုံးဝမငိုဘူးဟေ့၊ ငါက အမေပေါ်တဲ့သား၊ ဒီတော့ အမေ့နောက်ဆုံးခရီးကို ပျော်ပျော်ကြီးကွေးနေအောင်ကပြီးပို့ရုံပဲ၊ အမေ မပေါ်တဲ့သားတွေကတော့ ခုချိန်ကစပြီး ငိုကြပေတော့ကွ"

ကျွန်တော်သည် တော်တော်အံ့အားသင့်စွာ ကြေကွဲသွားရပါသည်။ မိခင်အရင်းခေါက်ခေါက်၏နောက်ဆုံးခရီးကို ဆို့နင့်ဖွယ် ဗုံရှည်ဝိုင်းဂီတသံနှင့်အတူ ကွေးနေအောင်က၍ ပျော်ပျော်ကြီးပို့ဆောင်နေသော ထိုသားအငယ်ဆုံး ဦးလေးကြီး၏အကကိုကြည့်ကာ မျက်ရည်ဝိုင်းလာမိပါသည်။ ထိုသို့သော အသုဘမျိုးကို ဒီတစ်ခါပဲ ကြုံရဖူးပေသည်ဟု ဆို့နင့်နေမိသည်။

ထိုအချိန်တွင် စောစောတုန်းက တစ်ချိန်လုံး ဣန္ဒြေကြီးနေခဲ့ကြသည့် သားအကြီးနှင့် သားအလတ်တို့သည် သူတို့ပါးပြင်များပေါ်သို့ တတွေတွေ စီးကျနေသည့် မျက်ရည်တွေကို တဘက်စောင်ကလေးတွေနှင့် သုတ်လိုက်၊ ကတ်စင်ပေါ်က သွားလေသူ အမေ့အလောင်းကို လှမ်းမျှော်ကြည့်လိုက်၊ ကတ်စင်နောက်မှာ ကွေးနေအောင် အပြုံးမပျက်စတမ်း ကနေသော ညီအငယ်ဆုံးကိုကြည့်လိုက်နှင့် တရွေ့ရွေ့လိုက်ပါလာကြသည်မှာ ကျွန်တော့်မျက်ဝါးထင်ထင် . . . ။

သို့သော် . . . အဲဒါပုံပြင်မဟုတ်တာ သေချာပါသည်။

* * *

သူငယ်ချင်း၏ ရွာကသာ ပြန်လာခဲ့ရသည်။ ကျွန်တော့်မှာ ဘာဝတ္ထုတစ်ပုဒ်မှ မရေးနိုင်ခဲ့။ သို့သော် ကျွန်တော့်သူငယ်ချင်းက ရွာခံတစ်ယောက်အနေနှင့် ရှင်းပြလိုက်သော စကားတွေကိုတော့ ရွာအပြန်လက်ဆောင်အဖြစ် နှလုံးသားနှင့် သယ်ဆောင်လာခဲ့ရပါသည်။ သူက ကျွန်တော့်ကို သည်လို ရှင်းပြပါသည်။

"မင်းက အကြောင်းစုံ မသိတော့ စိတ်ထဲမှာ ထူးဆန်းအံ့အားသင့်နေမှာပေါ့။ တို့ရွာသားတွေကတော့ အားလုံးသိကြပြီးသားမို့ မဆန်းတော့ဘူးကွ။ အဲဒီကွယ်လွန်သူ အဘွားအိုမှာ သားသုံးယောက်ရှိတဲ့အနက် သေတော့ ဗုံရှည်ဝိုင်းနဲ့ကပြီး လိုက်ပို့တဲ့ သားအငယ်ဆုံးက အဆင်းရဲဆုံး၊ အမွဲဆုံး၊ တစ်သက်လုံးကူလီလိုက်ပြီး မုဆိုးမအမေအိုကြီးကို လုပ်ကျွေးခဲ့တဲ့လူ။ ဟိုသားအကြီးနဲ့အလတ်က လူချမ်းသာတွေ၊ လယ်နဲ့ယာနဲ့စီးပွားဖြစ်တဲ့လူတွေ၊ ဒါပေမဲ့ အဲဒီနှစ်ယောက်လုံးက မအေသူဆင်းရဲမကြီးနဲ့ အငယ်ဆုံးညီငမွဲကို တစ်ချက်ကလေးမှ ပြန်လှည့်မကြည့်ဘဲ ပစ်ထားခဲ့တဲ့လူတွေ၊ သူတို့မယားတွေ သားသမီးတွေ ကောင်းစားရေးကလွဲလို့ အမေအိုဆီ ဟင်းကလေးတစ်ခွက်တောင် လာပို့ဖော်မရတဲ့ လူတွေ။ အမေအို အသက်ရှိတုန်းက ကျေးဇူးဆပ်ဖို့ လုံးဝမပေါ်လာဘဲ သေခါမှ အသုဘပို့ဖို့ ဝတ်ကျေတန်းကျေရောက်လာခဲ့တဲ့လူတွေ။ သူတို့ဘဝမှာ ဒါတို့အမေရယ်ပဲလို့ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား တစ်ခါမှ ကျေးဇူးမတုံ့ပြန်ခဲ့တဲ့ အတ္တသမားတွေ။ ဒါကြောင့် ဟိုလူက အမေမပေါ်တဲ့သားတွေ ခုအချိန်ကစငိုကြပေတော့ကွလို့ နာနာကြည်းကြည်းပြောတာ၊ တစ်သက်လုံးက အမေကို အမေမှန်းသိသိ ကျိုးကျိုးနွံနွံ ကျေးဇူးဆပ်လာခဲ့တဲ့ သားမျိုးက အမေသေမှ ဘာလို့ငိုနေစရာရှိ

mgyoe.com

mgyoe.com


တော့မလဲကွာ။ ကျေးဇူးတရားကို ငါ့တစ်သက်တာ တတ်နိုင်သမျှ ဆပ်ခဲ့ပြီးပြီ၊ ဆပ်ခွင့်ရလိုက်တယ်ဆိုတဲ့ ပီတိအစားထိုး ပြီးတဲ့နောက်မှတော့ ဖုံရှည်ဝိုင်းနဲ့ကပြီး အသုဘပို့နိုင်တာ ဆန်းသလား သူငယ်ချင်း . . .”တဲ့။

ကျွန်တော့်မျက်လုံးများထဲတွင်တော့ နောင်တ တစ်ဖန်ပူပန်ခြင်း ကုက္ကုစ္စဖြင့် အမေ့ခရီးဆုံးကို မျက်ရည်သုတ်ကာ လိုက်ပါပို့ဆောင်နေခဲ့ကြသည့် ‘အမေမပေါ်သည့်သားများ’၏ ရုပ်ပုံလွှာတွေက တရစ်ဝဲဝဲ ခြောက်လှန့်နေဆဲ ဖြစ်လေသည်။ ●

*ရတီမဂ္ဂဇင်း (ဇန်နဝါရီ၊ ၂၀၀၆)*

mgyoe.com

.mgyoe.com

# ကိုးနှစ်လီ ဆယ့်ငါး

ဆွန်အဲလူ



ဘာစွနက်မင်းတဲ့။ စီးပွားရေးလုပ်ငန်းရှင်ဆိုတဲ့ အဲဒီသတ္တဝါဟာ သူ့လုပ်ငန်းတစ်ခု အောင်မြင်တိုင်း ကိုယ့်ကို လာခေါ်ပြီး ပြုစုနေကျ။ ဝန်ထမ်းဘဝမှာ တစ်နှစ်နေလို့ တစ်ခါတောင် မမျှော်လင့်ရဲတဲ့ မှန်လုံခန်း၊ လေအေးစက်၊ မီးရောင်စုံ၊ တေးဂီတ၊ ကြိုးချိတ်၊ စကတ်ကွဲ။ ညနေခင်းတစ်ခုနဲ့ ခုနင်က အဆာပလာတွေ သွတ်ထားတဲ့ ညွတ်နူးပျောင်းလျမှုတွေကို ဆွဲတ်ချူ စားသုံးခွင့်။ ဒင်းရဲ့ စေတနာတွေဟာ ကိုယ့်ပစ္စက္ခ ဘဝနေဟန်ကို သရော်တာမဟုတ်ဘူးဆိုတာတောင် အလိုလို သိမ်ငယ်နေတဲ့ မသိစိတ်ကတော့ ပိုကျုံ့သွား ပိုကျစ်သွား။

ရုံးရှေ့ပါကင်မှာ (ဇ) (ဈ) ဆိုတဲ့ ကားအိုကားမင်း မြီးလိမ်ဖင်စောင်းတွေကြားထဲ တောက်တောက် ပြောင်ပြောင် ပြူးပြူးပြံပြံကြီး ထင်းနေတော့တဲ့ မတ်တူး ဂလိုရီ တစ်စင်း။ ထိုင်ခုံကျောမှီကို နောက်လှန်၊ ဘာရစ်(တ်)နီစပီးယား ဂီတကို မေးမေးလေးဖွင့်၊ မာ(လ်)ဘိုရို ကို ရှုရှုလေးခဲရင်း ကိုယ့်ကိုပြုံးပြုံးကြီး လှမ်းရှိုးနေတဲ့ မြင့်ဌေးမောင်။

သက္ကရာဇ်ရေစီးဟာ မလှုပ်တုပ်လှုပ်တုပ်ကလေး ရွေ့လာရင်းကနေ၊ မသေချာသင့်တာတွေက သေချာပြီး သေချာသင့်တာတွေက မသေချာတာတွေ များလာရင်း ကနေ၊ လွဲချော်မှုများက ရေတံခွန်တစ်စင်းလို ဘဝ ကမ်းပါးယံကို မညှာမတာ တိုက်စားရင်းကနေ။

နှစ်ထမ်း လေးဆယ်။ အဲဒီ ကာလဘောင်အ တွင်းမယ် ပီတိသောမနဿ ဆိုတာကို ပါလေကာထည့် ပြီး၊ သောကဗျာပါဒ ပလိဗောဓ သံဝေဂဆိုတာတွေနဲ့ နိုင်းချင်း နယ်ဖတ်ထားလိုက်တာ စိစိညက်ညက်ကြေပါ

"ဟော့ကောင် တိုးရှန်၊ မင်း ဘာမှ မူလကျီ သွန်နီ လုပ်မနေနဲ့၊ ညနေလေးနာရီ ရုံးအောက်ကစောင့်၊ ငါ လာခေါ်မယ်၊ ဒါပဲ"

ဆင်အိပ်ရာ ဆိတ်နို့၊ ဒါမှမဟုတ် ယုန်အပြေး ပျက်ရုံပစ်တဲ့ ခမောက်။ ဘာပဲပြောပြော ကိုယ့်အရှိန်နဲ့ ကိုယ်ခုတ်မောင်းနေတဲ့ သမ္မဇဉ်။ အဲသဟာကို လာလာ ကိုင်လှုပ်တတ်တာက ဆဲမနာ ဆိုမနာ ငယ်မွေးခြံပေါက် တွေထဲက တစ်ယောက်ဖြစ်တဲ့ မြင့်ဌေးမောင်။

"ဪ"

လုပ်နေကျအတိုင်း တိုးရှန်ဟာ သက်ပြင်းလေ ပူအဖြစ် အသွင်ပြောင်းထားတဲ့မတင်မကျမှုတစ်ခုကို မှုတ်ထုတ်ရင်း ရုံးလှေကားရှိရာ လျှောက်လာခဲ့လိုက် တယ်။

mgyoe.com

mgyoe.com



ရော။ စာရေးဝန်ထမ်းတစ်ဦး၊ သားသမီး လေးယောက်၊ ချို့တဲ့ခြင်း ချိုင့်ဝှမ်း။

ကွန်တိန်နာ၊ မတ်ပဲ၊ အက်(ဖ်)အိုဘီ၊ ဒေါ်လာ၊ အင်ဗွိုက်(စ်)၊ အယ်(လ်)စီ။ မြင့်မွေးမောင် အလုံးတွေက နားထဲမဝင်တစ်ချက် ဝင်တစ်ချက်။ ကိလေသာကြိုးသီထားတဲ့ ပန်းကုံးတွေက လီဆောင်ဦးနဲ့ ဆင်ဆင်တူတဲ့ အဆိုတော်မလေးလည်ပင်းမှာ ကမ်းလုံးညွတ်။

တိုးရှုန် နာမည်မခေါ်တတ်တဲ့ ဟင်းအမည်တစ်ခုကို နှိုက်လိုက်ရင်း ဟိုကောင်မူးမှာစိုးလို့ လှမ်းဟန့်လိုက်တာတောင် ငနဲက မထိတထိ။

"ခွေးမသား၊ နွားတော်ရေကျ သောက်မနေနဲ့ဦး။ ငါ ကားမမောင်းတတ်ဘူးနော"

ဝိုင်းသိမ်းလို့ မိသားစုစားဖို့ပါ ဝယ်ပေးလိုက်တဲ့ ပါဆယ်တွေနဲ့ ဟိုကောင်လိုက်ပို့တော့ ညဆယ်နာရီကျော်။

Tobacco Free Zone ဆိုတဲ့ ဆိုင်းဘုတ်ပြာပြာကြီးအောက်က ဂျာနယ်ဆိုင်။ ထိပ်ဖျားမှာ ကျွတ်ကျွတ်အိတ်သားမွှာမွှာလေးတွေချည်ပြီး တစ်ရမ်းရမ်းလုပ်နေတဲ့ ယင်မောင်းတုတ်နဲ့ မချစ်စု လင်ပန်းနောက်က ကလေးမ။ ဝက်သားတုတ်ထိုးသည်ကတော့ ဆိုင်ခင်းစသာသာ။ ဗာဒံပင်အရိပ်မှာ ပြောင်းဖူးပြုတ်တွေက အငွေ့တထောင်းထောင်း။ ခိုစာရောင်းပြီး လူစာရှာနေရတဲ့ ပြောင်းစေ့သည်တွေကတော့ ခိုရုပ်တောင် ပေါက်နေပြီလား မသိ။ သကြားလုံး၊ ငုံးဥ၊ သစ်တော်သီး။ စားပွဲချပြီး ထီးကျားကျားဆောင်းထားတဲ့ ဆက်သွယ်ရေးတယ်လီဖုန်းမလေးတွေ။

၅၆၊ ၆၂၊ ၂၁၆၊ ၅၀၊ ၄၉၊ ၄၆၊ ၂၀၅။ ကားလိုင်းပေါင်း နှစ်ဆယ်လောက်ဟာ ဟောဒီ သမိန်ဗရမ်းနဲ့ ကျိုက္ကဆံထောင့်က တာမွေဗလီထိပ်မှတ်တိုင်မှာ ရှန်းရင်းဆန်ခတ်။

မှတ်တိုင်နဲ့ မကွေမကွာမှာ ဇယော်ဇယစား သောက်ဆိုင်တစ်ခုရှိပါရော။ ထိပ်ဝမှာ ဆယ့်ငါးနှစ်အောက် စားပွဲထိုး (၃)ဦး အလိုရှိသည်ဆိုတဲ့ ဆိုင်းဘုတ်ထောင်ထားသေးတယ်။ ဆိုင်းဘုတ်ဘေးတစ်လံလောက်အကွာ လေ့ကားဆန်းရိုက်အောက်မှာ ခွက်ချပြီး ထိုင်နေတာက ဆယ့်သုံးနှစ်အရွယ် သူဖုန်းစားမလေးတစ်ယောက်။

ကားကျဲသေးလို့ ထိုင်နားနေရပေတဲ့ သူ့မျက်လုံးတွေဟာ တိုက်သဘော်တစ်စင်းပေါ်က ဆတ်(ချ်)လိုက်မီးမောင်းစူးစူးကြီးတွေလို ပစ်မှတ်ကို ဝဲကာဝေ့ကာ ရှာနေလိုက်ပုံ။

"အစ်ကိုကြီး၊ အစ်မကြီးတို့ရယ် ထမင်းဖိုးလေးများ သနားကြပါ"

ကရုဏာ၊ စေတနာ၊ ကြင်နာမှု၊ ရက်ရောမှု၊ သဒ္ဓါတရားတွေ တိမ်းညွတ်ဖွယ်ရာ လေယူလေသိမ်းအက်ဆင့်နှစ်ရာရာခိုင်နှုန်းနဲ့ အသံတစ်သံ။

ကားတွေ ခပ်စိပ်စိပ်ကြီး ဝင်တိုးထွက်လုတတ်တဲ့ သမယမျိုးမှာတော့ ငုံးဥတွေ၊ သကြားလုံးတွေနဲ့ ဒင်းကလေးနဲ့ဟာ လုံးလားထွေးလား တွန်းတွန်းထိုးထိုး။

"ဟို မျက်မှန်ကိုင်းမည်းမည်းနဲ့ ဦးလေးကြီး ထမင်းဖိုးလေး ပေးခဲ့ပါ"

ကံကောင်းထောက်မစွာ ပြတင်းပေါက်ဘေးထိုင်ခုံကို သိမ်းပိုက်စိုးစံနိုင်ဖူးတဲ့ ရှားစာပါးစာတစ်နေ့။ ခုံရလို့ သွေးနားထင်ရောက်နေတဲ့ တိုးရှုန်ဆီကို အသံတစ်ခု လာမှန်တယ်။

အောက်ငုံ့မကြည့်ရခင်မှာဘဲ မျက်နှာလေးတစ်ခုဟာ သူ့သူငယ်အိမ်ဆီ ခုန်တက်လာခဲ့။

ပြောင်းဖူးမွေးဆံပင်နီကြင်ကြင်ကို နောက်ဘက်မှာ ပိုနီတေး(လ်)မြင်းမြီးတစ်ချောင်းကို စုစည်းထားပေမယ့် ဖွာလန်ကြဲနေတဲ့ နဖူးဆံစပ်။ မျက်လုံး မျက်ခုံးက မဈွိမနွယ်ဆန်ပြီး လှချင်သားပေမယ့် ဘယ်ဘက်မျက်လုံးမျက်ဆန်ဖူးဖူးမှာ ကြက်ဆူတက်နေတဲ့ တိမ်ပြူးပြူးကြီးတစ်လုံး။ နှာတံကတော့ အဆိုတော် စလင်းဒီယွန်လိုမျိုး ရှည်ရှည်ကော့ကော့ အချိုးပြေပြေ။

ဒါပေမယ့် နောက်တစ်ခါဝင်လာတဲ့ အဖျက်အဆီးကျပြန်တော့ ညာဘက်နှုတ်ခမ်းကလေးအပေါ်ဖုံးဟက်တက်ကွဲကြီးက သွားတွေတောင်မှ ပေါ်ပါရော။ ကလေးမရဲ့ ဥပမိကို အီးတီတစ်ကောင်လို ဈိုက်သရေ

mgyoe.com

mgyoe.com



ယုတ်အောင် ဂိတ်သိမ်းပစ်လိုက်တာဟာ အဲဒီနှုတ်ခမ်းပဲ ဖြစ်မယ်။

လည်တိုင်ကို မမြင်ရအောင် ဖုံးထားတာက အို ရှိတ်အင်္ကျီအနီရောင်ရဲ့ နှုတ်ခမ်းအဖတ်။ အိုရှိတ်လက် ရှည်အပေါ် ထပ်ဝတ်ထားတဲ့ လက်ခုရောင် လူကြီးဝတ် ဟာဝေယန် လက်တိုအကျႌကြီးက ဖားဖားဝေနေသေးပါ ရော။ အောက်ပိုင်း ဒူးထိဂါဝန်ကြီးကတော့ ဆီးချေး ရောင်လိုလို မြင်းချေးရောင်လိုလို။ ဖိနပ်ဗလာ၊ လွယ် အိတ်စလွယ်သိုင်းပြီး ဒန်ချိုင့်ကိုင်းအစုတ်က သူ့ဘယ် ဘက်လက်မှာ တွဲလောင်း။

"ထမင်းဖိုးလေးမစပါ ဦးရယ်နော်"

"အကြွေမပါဘူးကွ"

"ရာတန်ဆိုတော့လည်း အမ်းပါ့မယ် ဦးရယ်၊ သမီး ထမင်းမစားရသေးလို့ပါနော်"

ဗုဒ္ဓဘာသာတစ်ယောက်ရဲ့ အသည်းနုနုဟာ လေတိုးမခံဘူး။ လက်အုပ်ချီဖို့ပြင်နေတဲ့ ဒင်းကလေး ကို ခပ်သွက်သွက် ပါရမီဖြည့်လိုက်ရ၊ အနုဂါမိက ရွှေ အိုးကြီးသုံးလုံး။ သူပြန်အမ်းတဲ့ ငါးဆယ်တန်တစ်ရွက် နဲ့ နှစ်ဆယ်တန် ခပ်လတ်လတ်တစ်ချပ်ကို အိတ်ထဲထိုး ထည့်လိုက်သော တိုးရှန်အတွေးမှာ စာနာခြင်းတရား တွေ မှိုင်းညို့။

ခြောက်တန်းရောက်နေတဲ့ သမီးထွေး ဒါလီတိုး ရှန်နဲ့ ရွယ်တူပါလား။

စက္ကန့်တွေ အလဟဿကြွေကျသွားတာကလွဲ လို့ ဈေးအချိုဆုံးနဲ့ ကရိကထအနည်းဆုံး လုပ်ငန်းဟာ စဉ်းစားတွေးတောခြင်းဆိုရင် အခုနေ စိတ်ကူးစိတ်သန်း ဆိုတဲ့ မြွေတစ်ကောင်ရဲ့အမြီးကို တိုးရှန် ဆွဲလိုက်မိပြီ။

ကံဆိုးကံကောင်း၊ ပြဿဒါး၊ ရက်ရာဇာဆိုတာ တွေကို လူသားတစ်ယောက်ရဲ့ဘဝဖြတ်သန်းမှု ပြက္ခဒိန် မှာ ဘယ်လိုပရိဂရမ်မျိုးနဲ့ ထည့်သွင်းစီမံထားတယ်ဆို တာကဖြင့် သိနိုင်ဖို့ ဝေးလျားနေလိုက်ပုံ။

သို့သော် ခုရက်ပိုင်း တိုးရှန်နဲ့ မိသားစုအတွက် ကဖြင့် အဆင်မပြေမှုတွေဟာ အိပ်တန်းဝင်ငှက်တွေလို စွေ့ကနဲ ငုတ်ကနဲ။

ခွင်တွေ အဆင်တွေ ဇယားတွေကို ထုဆစ်ခြင်း အနုပညာ၊ ရေစီးရေလာနဲ့ အိုအေစစ်၊ ဖြောင့်လွန်းတဲ့ မြစ်ဟာကျတော့ မလှပြန်ဘူးတဲ့။ ဝလုံးတန်းကနေ ဘွဲ့ ရတဲ့အထိ ထူထူပိန်းပိန်း ငေးငေးငူငူ ဖြတ်သန်းခဲ့တဲ့ တိုးရှန်ဟာ အလုပ်ထဲမှာကျတော့လည်း ဇယ်ခုပ်တော် တဲ့ဘဝမျိုး မရရှာဘူး။

အဆင့်တူတွေကြားထဲမှာတောင် နေရာချင်း ကွာတဲ့ စားပွဲ။ မုန့်ဝေတုန်းက မမီလိုက်ပေမယ့် တုတ် ဝေတဲ့ အလှည့်ကျတော့ သာတူညီမျှတဲ့။ အ အပြိုင်ပွဲက သရဖူကို မရုက်တမ်း ထာဝရဆောင်းရင်း ကိုယ်ကျင့် တရား ရဲတိုက်ကို လေသလပ်မခံနိုင်အောင် အဖြစ် သည်းလှတဲ့ တိုးရှန်မှာ ပိန်ညိုးပိန်ညှပ်ဖြစ်နေတာ ဘာဆန်းသလဲ။

"အစ်ကိုရေ၊ အလတ်ကောင်က ခုနွေမှာ ကွန်ပျူ တာတက်ချင်လို့တဲ့"

ညှပ်ပြီးသားပိတ်စ တစ်ထည်ချုပ်မိမှ ဇီးဂတ် တစ်လိပ်ဖိုးပြည့်အောင်မရတဲ့ ကန်ထရိုက်ရှပ်အင်္ကျီတွေ ကို မီးလာတုန်း ကုန်းချုပ်နေတဲ့ အမရာက မက်ဆေ့(ဂျ်) ပို့တော့ တိုးရှန်ခါးတွေ မတ်သွားရော။

မိုးဦးကျမှာ သွပ်ဖာတိပ်နဲ့ ဘယ်လိုပဲ ဖာသည် ဖြစ်စေ၊ ကြွက်မြီးတန်းယိုနေတဲ့ သွပ်မိုးတွေက ခွက်ခံ လို့ မရနိုင်အောင် တမံကျိုး။ သွပ်အသစ်ဝယ်ဖို့က တစ်ချပ် လေးထောင်နီးပါး၊ စားရင်း၊ သုံးရင်းနဲ့ အကြွေး ဒိုက်ဖတ်တွေက ကမ်းပါးမှာ ဟိမဝန္တာ ဖြစ်လာသတဲ့။ အာရောဂျ ကျန်းမာရေးဖောက်လာရင် ပါရဂူ ဂဏ္ဍာမိဖို့ အရေး မျက်ပြူးဆန်ပျာ ဖြစ်ရပြန်တဲ့ ဘဝဟာ ဖြေစရာ ရှာရင်းကနေပြီး။

ရုံးလစာလေး မဖြစ်စလောက်ကို မွေးစားရုံနဲ့ ထောင့်မစေ့တော့ မိန်းမလုပ်တဲ့လူက အကူပစ်လက် နက်ကြီးတပ်ခွဲတဲ့။ စက်ချုပ်၊ အိမ်ဆိုင်လေးမတောက် တစ်ခေါက်ရောင်း၊ အိမ် (အငှား) ပွဲစားလေး လုပ်တဲ့ အခါ လုပ်ပေမယ့် အလျင်မမီ ရတဲ့ကြားထဲ . . . ။

"မခင်မိ အူအတက်ပေါက်လို့ ဆေးခန်းပို့လိုက် ရပြီ ဦးတိုးရှန်၊ အမြန်လိုက်သွား။ အိမ်ကို ကျွန်မတို့

mgyoe.com

mgyoe.com

ကြည့်ထားတယ် ကြားလား"

ဟော့(တ်)လိုင်းကနေ ဝင်လာတဲ့ အိမ်နီးချင်းရဲ့ တယ်လီဖုန်းသတင်းဟာ အသည်းအသန်နဲ့ သေကောင်ပေါင်းလဲ။

အခန်းအမှတ် (သရဖီ)တဲ့။ အပေါ်ထပ် လက်ဝဲဘက်တန်း။ ပုလင်း၊ ဒရစ်(ပ်)၊ ထိုးဆေး၊ စားဆေး၊ နေ့ညသူနာပြု၊ ခွဲစိတ်ခ၊ အခန်းခ။ ဘောက်ချာ ဖိုင်တွဲနဲ့ ငွေကြေးချွင်ချွင်။

တစ်ပတ်လောက်နဲ့ ဆင်းခဲ့ရတာတောင်မှ ကုန်ကျစရိတ်အတွက် တင်သောကြွေးက တိုးရှုန်လစာနဲ့ တွက်တဲ့အခါ သုံးနှစ်လောက်လုပ်ဆပ်မှ ကျေမယ့်အနေအထား။

နာလန်ထ လူမမာကလည်း အလုပ်ပြန်လုပ်နိုင်ဖို့ကတင် ရက်တော်တော်များများ အနားယူရဦးမတဲ့။ မိုးကောင်း တစ်စလောင်း၊ မိုးမကောင်းတော့လည်း အဲဒီတစ်စလောင်းတည်းနဲ့ ရောင့်ရဲနေခဲ့တဲ့ တိုးရှုန်ဟာ ချက်ပေါ်ပြီဆိုတော့ ခြေမကိုင်မိ လက်မကိုင်မိ။

မှန်တိုင်းစဲပြီဆိုတဲ့အခါ တိုးရှုန်တစ်ယောက် အသက်လည်း ပုံမှန်ရှူမိပါပြီ။ ဦးနှောက်လည်း ပုံမှန်အေးဆေး အထိုင်ကျခဲ့ပါပြီ။ အဲတော့မှ တံခါးခေါက်လာတာက အရေးပေါ်မရရရာယူမိတဲ့ ကြွေးရဲ့အတိုးနှုန်းသည် နှစ်ဆယ်တောင်ဆိုတော့ ကျွန်ဖြစ်ရုံမက သဘောက်ဘဝတောင်မှ နေ့ချင်းညချင်း ရွေ့လျောမယ်ပုံ ဖြစ်နေတာဟာဖြင့် မုချနဲ့ ဒက်ထိတဲ့။

လက်သည်းဆိတ်တော့ လက်ထိပ်။ အရေးကြီးတော့ စည်းရမယ့်သွေးက ရန်ကုန်မှာ တစ်ကောင်တည်းသော ငယ်ပေါင်းကြီး မြင့်ဒွေးမောင်။ ဒင်းဖုန်းကို လှမ်းဆက်လိုက်တဲ့အခါ သူ့ဆစ်ခစ်ထရီ အပြောကဖြင့် ခုမနက် ဖလိုက်နဲ့ ဟောင်ကောင်ကို။

"သူတို့က ခြေခြေမြစ်မြစ် တည်တည်တံ့တံ့ရှိတဲ့ လူကိုမှလည်း ဆက်ဆံတယ်၊ အတိုးလည်း သက်သာပါရဲ့၊ ဒါပေမယ့် တီကျဖို့တော့ လိုလိမ့်မယ် ဦးတိုးရှုန်"

ကြံရာမရတဲ့အဆုံး ကိုယ့်လက်အောက် ဌာနခွဲစာရေးလုပ်တဲ့ အပျိုကြီး ဒေါ်ခင်မြင့်မြင့်ကိုပဲ အကူအညီတောင်းရတာဟာသိက္ခာလည်းကျ၊ မျက်နှာပူစရာလည်းကောင်းမှန်းသိပေမယ့် ကိုယ့်မှာက ရွေးချယ်စရာဆိုလို့။

"အခု ဦးတိုးရှုန်ကို တစ်ပါတည်း ခေါ်လာရတာက အရောင်းစာချုပ်တွေ၊ ဂရန်တွေမလိုဘဲနဲ့ ပြီးအောင်လို့ပါ။ ကျေလည်အောင် ပြောရရင် ကျွန်မ အာမခံရုံနဲ့ ရှင်လိုချင်တဲ့ အမောင့်မျိုး ရနိုင်ပါတယ်"

ဟုတ်ပေမပေါ့။ ဦးတိုးရှုန်က သူ့ဘီစီမကြီးရဲ့ စိန်နားကပ်ပြူးပြူးကြီးနဲ့ ငါးကျပ်သားထက်မအောက်တဲ့ လည်ပင်းက အမ်စီကြိုး တုတ်တုတ်ကြီးအပါအဝင် ပန်းလက်ကောက်ချွင်ချွင်တွေကိုကြည့်ပြီး ခေါင်းတောင်မှ ပုတ်သင်ညို ဖြစ်သွားရော့လား မသိ။

တောင်ဒဂုံ နံပါတ် (× × × ) ဘတ်စ်ကား ဂိတ်ဆုံးနားကနေ လမ်းမကြီးတစ်လျှောက် ဆင်းချသွားပြီး ဓာတ်တိုင်ငါးတိုင်လောက် လျှောက်မိတော့ ပေလေးဆယ်လမ်းကျဉ်းလေး တစ်ခုအတိုင်း ဘယ်ဘက်ချိုးဖို့ ဒေါ်ခင်မြင့်မြင့်က ကွေ့ဝင်သွားပြီ။

သဲအိတ်လေးတွေကို ပြားလိုက်ချ၊ ရွှံ့ဗွက်စပ်စပ်နဲ့ ရေအိုင်နေရာတွေမှာ တချို့က တိုက်ပျက်အုတ်ကျိုးခင်းထားသေးရော။ အက်(စ်)အီးလို၊ မာစီဒီးလို၊ အော်ဒီလို လပ်ဇူရီကားတွေ ဝင်နိုင်ဖို့ကတော့ အိပ်ဆယ်(လ်)ဝင်ရိုးတွေ ကရောင်းတွေနဲ့ လွတ်နိုင်မယ့်လက္ခဏာ မရှိရှာဘူး။

ဆရာတပည့် သို့မဟုတ် တပည့်ဆရာ နှစ်ယောက်ဟာ အဲဒီသဲအိတ်တွေ၊ အုတ်ကျိုးခဲတွေအပေါ်မှာ မိုးတဖြောက်ဖြောက်ကြားထဲ ရွှံ့နဲ့ရေအိုင်ကို ရှောင်ရှားရင်း ထိုက်ကျိချွမ်ကစားနေသလိုလို၊ ဂူရှူးကနေသလိုလို၊ ဗန်တိုလေ့ကျင့်နေသလိုလိုနဲ့ ချီတက်နေကြပုံဟာဖြင့် ရှေ့ဆီတစ်လှမ်းနောက်ဘက်နှစ်လှမ်း။

သဘော်ဆေးအဖြူသုတ်ထားတဲ့ နှစ်တစ်လက်မ ခြံစည်းရိုးတံခါးက ခေါင်းလောင်းလေးကို လှုပ်လိုက်တော့ ခြောက်ဆယ်လောက် အဘိုးအိုတစ်ယောက် တံခါးလာဖွင့်ပေးတာကို ဦးတိုးရှုန် ငေးနေဆဲ။

" . . . ရှိတယ်မို့လား"

"ဟုတ်ကဲ့ . . . က ခုလေးတင် အိမ်ပေါ်တက်

mgyoe.com

သွားလားပဲ။ ညှော်ခန်းထဲမှာ သူ့သမီး၊ အဲ မမလေးကို ပြောလိုက်ပါ"

အုတ်နံရံကပ် နှစ်ထပ်တိုက် လှတပတ၊ ရေခဲမှန် တရုတ်ကပ်၊ ဓာခန်းစည်းနို့သစ်ခွ။ ညှော်ခန်းထဲ ခြေချ လိုက်တဲ့အခါ ကျွန်းပါကေးနဲ့ ကော်ဇောစိမ်းအပြင် ရှန် ဗွိုင်းဆိုဖာဆက်တီနဲ့ ဆမ်ဆောင်း နှစ်ဆယ့်ကိုးလက်မ ပျုံ့ဝါးဖလပ်တီဗွီ။

တီဗွီလာချိန် မဟုတ်ဘဲနဲ့တောင် မော်နီတာမှာ ဘာရုပ်တွေပေါ်နေတာလဲ။ ဗွီစီဒီ ဒါမှမဟုတ် ဒီဗွီဒီထိုး ကြည့်နေတယ် ပြောရအောင်ကလည်း အရုပ်တွေ ကိရိ ယာတွေက အစစ်အမှန်ပုံရိပ်မပီ။ အလို တီဗွီဂိမ်းစက်နဲ့ တကယ့်စစ်မြေပြင်လို တိုက်ပွဲဆင်နေတဲ့ ရဟတ်ယာဉ်၊ တင့်ကား၊ သင်္ဘောနဲ့ စစ်သည်တွေ။ ပစ်သံခတ်သံ ပေါက်ကွဲသံနဲ့ အော်သံဟစ်သံတွေက ကြွက်ကြွက်ညံ။

လက်သည်ကိုရှာနေတုန်း မွေးပွကော်ဇောပေါ်မှာ ဝမ်းလျားမှောက်ရင်း ခလုတ်နှိပ်နေတဲ့ တစ်စုံတစ် ယောက်ဟာ ညှော်သည်နှစ်ယောက်ဘက် ရုတ်ကနဲ လှည့်လာလိုက်ချိန်။

ဦးတိုးရှန်ရဲ့ ခြေဖဝါးအောက်က ပကတိ တစ်ရာ့ ရှစ်ဆယ်ဒီဂရီဆိုတဲ့ ပြင်ညီမျက်နှာပြင်ဟာ ကွန်ပျူတာ အထူးပြုလုပ်ချက် ဖောဖောသီသီသုံးထားတဲ့ သရီးဒီ မြင်ကွင်းလို ဖောင်းကြွခုံးတက်။ မျက်နှာကြက်က ဇောက်ထိုးမိုးမျှော်။

တစ်ဒိတ်ဒိတ်ခုန်လာတဲ့ရင်နဲ့ တဖျင်းဖျင်းဖြစ် လာတဲ့ သွေးတိုးနှုန်း။

ကြည့်စမ်း။ ဒီ . . . ဒီ နှုတ်ခမ်းကွဲကွဲ။
မှတ်တိုင်၊ ပလက်ဖောင်း၊ ဒန်ချိုင့်။
အိုရိုတ် နီနီ . . . ။

ရွှေမင်္ဂြီး၊ (ဇန်နဝါရီ၊၂၀၀၆)

mgyoe.com

mgyoe.com

# ထိုနှစ်ယောက်

သစ္စာနီ



သူ့နာမည် မိုးဇက်ဖြစ်သည်။ ခရစ်ယာန်ဘာသာ ရေးကျမ်းများလာ သူတော်စင် မိုးဇက်နှင့် အမည်တူရုံက လွဲ၍ မည်သို့မျှပတ်သက်မှုမရှိရုံမက သူသည် သူတော်စင်တစ်ဦးလည်း မဟုတ်ပါ။ အမှန်အတိုင်း ဝန်ခံရလျှင် သူတော်စင်ဆိုတာ ဘယ်လိုဟာမျိုးဟုပင် သူ ရေရေရာရာ မသိပါ။

သို့သော် သူ့နာမည်မှာ မိုးဇက်ဖြစ်သည်။

သူ ငယ်စဉ်က ကြည့်ခဲ့ရသော ပညတ်တော်ဆယ်ပါးဟူသည့် ရုပ်ရှင်ကားထဲမှာတော့ မိုးဇက်အဖြစ် သရုပ်ဆောင်သည့် မင်းသား ချားလ်တန်ဟက်စ်တန်သည် သူ့တန်ခိုးအစွမ်းဖြင့် ပင်လယ်ပြင်ကြီးကို ထက်ခြမ်းခွဲပြခဲ့သည်။ သူ၏နောက်လိုက် ရဟူဒီများကို အီဂျစ်ဘုရင်၏ စစ်တပ်ရန်မှ ကယ်တင်ရန် ပင်လယ်ထက်ခြမ်းကွဲရာမှ ဖြစ်ပေါ်လာသော ရေအောက်မြေပြင်လမ်းကြောင်းအတိုင်း လွတ်မြောက်ရာ တစ်ဖက်ကမ်းသို့ ခေါ်ဆောင်သွားခဲ့သည်။

သူကတော့ ပင်လယ်ပြင်ကို ခွဲဖို့ မဆိုထားနှင့်။ ရေအိုးတစ်လုံးကိုပင် ခွဲဖူးသူမဟုတ်ချေ။ ဒါကြောင့် သူ့နာမည်သည် မိုးစက် သို့မဟုတ် မိုးဆက် ဖြစ်သင့်ပါသော်လည်း အခုတော့မိုးဇက်ဖြစ်၍နေလေသည်။ တစ်ခုတော့ သူနှင့် လိုက်လျောကိုက်ညီသလို ရှိသည်။ မိုးဇက်တွင်ပါသော 'ဇက်'ဆိုသည့် စာလုံးမှာ အင်္ဂလိပ်ဗျည်း (၂၆)လုံးတွင် နောက်ဆုံးစာလုံး ဖြစ်နေခြင်းဖြစ်၏။

သူ့မိဘတွေက အစ်ကို၊ အစ်မငါးယောက်မွေးပြီးမှ နောက်ဆုံး သူ့ကို မွေးခဲ့သည်။ ကျောင်းနေစဉ် အပြေးပြိုင်လျှင် နောက်ဆုံးမှ သူပန်းဝင်လေ့ ရှိ၏။ အတန်းထဲတွင် ပညာအရည်အချင်း၌ သူသည် နောက်ဆုံးအဆင့်ရှိကာ နောက်ဆုံးတန်းတွင် ထိုင်တတ်သည်။ ကျောင်းတွင် စာမထူးချွန်၊ အားကစား မထူးချွန်၊ ဂုဏ်မရှိ၊ ငွေကြေး မချမ်းသာသဖြင့် သူ မထင်ရှား။ ကျောင်းတွင် ဆရာတွေကလည်း သူ့ကိုမသိ။ ကျောင်းသူတွေကလည်း သူ့ကိုမသိ။ အိမ်တွင်လည်း သူ့ကို ဂရုစိုက်သူမရှိ။ (အမေက သူ ခုနစ်နှစ်သားအရွယ်တွင် ဆုံးပါးသွားခဲ့သည်။) အဖေက ထိုအချိန်တွင် အရက်စွဲစ ပြုနေလေပြီ။ သူ့အစ်မများသည် မလောက်မင ဝင်ငွေဖြင့် အိမ်၏ စားဝတ်နေရေးကို ဖန်တီးနေရသဖြင့် မောင်အငယ်လေးဟု အရေးပေးရန် အခွင့်မသာခဲ့။ အစ်ကိုများက အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်ဖြင့် ကိုယ့်ဘဝလမ်းကြောင်းကို ကိုယ့်ဘာသာ ဖောက်ရင်း လျှောက်လှမ်းနေခဲ့ရသည်။

mgyoe.com

mgyoe.com


နောက်တော့ အစ်မတွေက စောစောစီးစီး အိမ်ထောင်ကျကုန်ကြသည်။ ဆင်းရဲဒုက္ခမှလွတ်ရန် ဤတစ်လမ်းသာရှိသည်ဟု မှတ်ယူကြဟန်တူ၏။

သူက ကျောင်းဆက်မတက်ဘဲ ပန်းချီကျောင်း ပြောင်းတက်ခဲ့၏။ သူ့ကိုယ်သူ ပန်းချီဝါသနာပါသူဟု ထင်ခဲ့သည်။ သူသာ လူစွမ်းလူစ ပြရမည်ဆိုလျှင် ဤနေရာမှလွဲ၍ မရှိဟု ယူဆခဲ့သည်။ သို့သော် ပန်းချီသင်ခန်းစာတွေနှင့် သူမတည့်။ သူက ပန်းချီကို သူမြင်သလို၊ ခံစားရသလို ရေးချင်သည်။ တတိယနှစ်တွင် သူ စာမေးပွဲကျသဖြင့် ကျောင်းအုပ်ကြီးက သူ့ကို ခေါ်တွေ့ကာ –

"ပန်းချီဆက်သင်လို့လည်း မင်း ထူးချွန်စရာမရှိဘူး၊ မင်းကို မျှော်လင့်လို့မရနိုင်တော့ဘူး" ဟု ဆိုသည်။

နောက်ဆုံး သူကျောင်းထွက်ခဲ့ရသည်။ သူ၏ အဓိကအပြစ်မှာ အရုပ်ကိုတူအောင် မရေးနိုင်ခြင်း ဖြစ်သည်။ ကျောင်းက သင်ကြားသော နည်းစနစ်တွေကို သူ လိုက်နာခြင်း မရှိဟုလည်း စွပ်စွဲခံရသည်။

"ဒီအရောင်တွေကို တွဲစပ် မရေးရဘူးဆိုတာ လောက်တောင် မင်း နားမလည်ဘူးလား။ ပါစပက်တစ်လည်း မမှန်ဘူး။ မိန်းမရဲ့အသားအရောင်ကို မင်းဟာ အစိမ်းရေးထားတော့ မြင်ရတာ အန်ချင်စရာ ဖြစ်နေတယ်"

ဆရာတွေက သူ့ကို စိတ်ပျက်ကြသည်။ သူငယ်ချင်းတွေကလှောင်ရယ်ကြသည်။ သူ စိတ်နှလုံးထိခိုက်မှုမရှိဘဲ ကျောင်းထွက်ခဲ့သည်။

"မင်း ဘာလုပ်မလဲ"

သူ့အစ်ကိုအကြီးဆုံးက မေးသည်။ သူက အစိုးရဌာနတစ်ခုတွင် အရာရှိတစ်ဦး ဖြစ်နေသည်။

အဖေက အရက် အသောက်လွန်သဖြင့် ကြောင်တောင်တောင်ဖြစ်ကာ စိတ်ရောဂါကုဆေးရုံ ပို့ထားခဲ့ရသည်မှာ သုံးနှစ်ခန့် ရှိနေလေပြီ။ အဖေ့ထံသို့လည်း သူ တစ်ခေါက်မျှ သွားမတွေ့ဖြစ်ခဲ့။

"ကျွန်တော် ဘာလုပ်ရမှာလဲ"

သူ့အစ်ကိုအား သူ ပြန်ပြောလိုက်သော စကားသည် မေးခွန်းလား၊ အဖြေလား သူ့ဘာသာလည်း ခွဲခြားမသိ။

ပွဲရုံပိုင်ရှင်တစ်ယောက်နှင့် အိမ်ထောင်ကျသွားသော အစ်မက –

"မောင်လေး၊ ငါ့ပွဲရုံမှာ ဝင်လုပ်လေ"ဟု ပြောသည်။

သူ ခေါင်းခါလိုက်သည်။

မိတ်ဆွေတစ်ယောက်၏အကူအညီဖြင့် ဂလယ်ရီ(ပန်းချီပြခန်း)တစ်ခုတွင် ညအချိန် သူ အခမဲ့နေခွင့်၊ အိပ်ခွင့်ရသည်။ ထမင်းကတော့ ကိုယ့်ဘာသာ ရှာဖွေစား။

ပန်းချီရေးဘက်တချို့၏ အခန်းသို့သွားကာ သူ ပန်းချီရေးသည်။ သူတို့က ကင်းဗတ်စများ၊ ဆီဆေးများကို အခမဲ့သုံးစွဲခွင့်ပေးထားသည်။ သို့သော် သူ့ကားတွေက တစ်ကားမျှ မရောင်းရခဲ့။

"တို့လို ရောင်းရတဲ့ကားတွေ ရေးပါလား"

ဟု သူတို့က တိုက်တွန်းသည်။

သူတို့က ဘုရားပုံ၊ ကိုရင်လေးများပုံ သို့မဟုတ် မင်းသမီး ကနေတဲ့ပုံ၊ စောင်းတီးနေတဲ့ပုံ စသဖြင့် လေးငါးမျိုးခန့်ကိုသာ ထပ်ကာတလဲလဲ ရေးဆွဲနေလေ့ရှိကာ သူတို့ ရေးဆွဲသမျှလည်း ရောင်းခဲ့ရလေသည်။

အနုပညာတစ်ရပ်ကို ရောင်းဖို့ ရည်ရွယ်ချက်ဖြင့် မဖန်တီးသင့် ဒါမှမဟုတ် ရောင်းဖို့ ရည်ရွယ်ချက်ဖြင့် ဖန်တီးသော အရာသည် အနုပညာမဟုတ်နိုင်ဟု သူက ပွင့်ပွင့်လင်းလင်း ပြောသောအခါ သူတို့ မကျေမနပ်ဖြစ်ကြကာ သူနှင့် ဆက်ဆံရေး ကသိကအောက် ဖြစ်ရပြန်သည်။

နောက်တော့ ဈေးထောင့် ဆိုင်းဘုတ်ရေးသော ဆိုင်ကလေးသို့ သူရောက်သွားသည်။ အဲဒီမှာ ဆိုင်းဘုတ်က ပုံမှန် မရေးရ။ ဆိုက်ကားနံပါတ်၊ ကားနံပါတ်တွေတော့ မပြတ်ရေးရပါသည်။ ဆိုင်ကသေးတော့ ဆိုင်းဘုတ်ကြီးကြီးမားမားတော့ ရေးရတာမဟုတ်။ ဗေဒင်ဟောသည်၊ ထီးပြင်သည် ဆိုတာမျိုးလောက်သာ ရှိသည်။

mgyoe.com

mgyoe.com

သူ့ဆရာ (ဆိုင်ရှင်ပန်းချီဆရာက သူ့ကိုယ်သူ ဒီလို သတ်မှတ်ထားသည်။)နှင့် သူ ဆိုင်တွင် နှစ်ယောက်သာရှိသည်။ ဆိုင်းဘုတ်ဆရာ၏ လက်ထောက်အဖြစ် သူ အတော်အသင့် အဆင်ပြေနေသည်။

သူ့ဆရာက –

"သူတို့လည်း စုတ်တံကိုင်တယ်၊ ဆေးကိုင်တယ် အတူတူပါပဲဗျာ။ ဒါကို ပန်းချီရေးတဲ့သူတွေက ကျုပ်တို့နဲ့ အဆင့်အတန်းခွဲချင်ကြသေးတယ်"ဟုညည်းလေ၏။

တစ်ကြိမ်တွင် သူ ပန်းချီ ပြန်ရေးဖြစ်ဖို့ ကြံသည်။ ပြည်သူ့ပန်းခြံတစ်ခုတွင် ကျင်းပသော ပျော်ပွဲရွှင်ပွဲတစ်ခု၌ သူက အခကြေးငွေယူကာ ပုံတူရေးသော ဆိုင်ကလေး ဖွင့်လှစ်ခဲ့သည်။ ဆိုင်ဆိုသော်လည်း သစ်ပင်ကြီးတစ်ပင်အောက် မြက်ခင်းပြင်တွင် 'ပုံတူရေးသည် ၁၀၀၀ိ/'ဟု ဆိုင်းဘုတ်ကလေးရေးကာ ကုလားထိုင်တစ်လုံးနှင့် သူ ထိုင်နေခြင်းမျှသာ ဖြစ်သည်။

တစ်နေ့လုံး ပုံတူအရေးခံမည့်သူ မလာ။ မနက်စာစားချိန်ကျော်လွန်လာသောအခါ သူ အတော်ပင်ဆာလောင်လာသည်။ သူ့တွင်လည်း ပိုက်ဆံ အပိုပါ မလာ။

ထိုအချိန် လူဝကြီးတစ်ယောက် ပုံတူအဆွဲခံရန် ရောက်လာသဖြင့် သူ ပျော်သွားသည်။ ဈေးဦးပေါက်မို့ သူ ကြိုးစားပမ်းစား ရေးဆွဲပစ်လိုက်သည်။

သို့သော် သူ ဆွဲပြီးသော ပန်းချီကားကိုကြည့်၍ လူဝကြီးက –

"ဒါ ငါ့ပုံလား၊ မင်း ပန်းချီ ရေးတတ်ရဲ့လား။ ဘယ်မှာ တူလို့လဲ"

ဟု ငြင်းချက်ထုတ်ကာ ပုံဆွဲခမပေးဘဲ ထားသည်။

"တထေရာတည်း တူချင်ရင်တော့ ဓာတ်ပုံ သွားရိုက်ပေါ့ဗျာ။ ကျွန်တော်တို့က ကာရိုက်တာကို ရေးတာပဲ။ ဒီပုံဟာ ခင်ဗျားနဲ့ တော်တော်တူပါတယ်။ ရုပ်သာမဟုတ်ဘူး၊ စိတ်ပါတူတာ။ မျက်နှာပေါ်က ကောက်ကြောင်းတွေကိုကြည့်၊ အသိဉာဏ်နည်းတာ၊ ဒေါသကြီးတာ၊ ဘဝင်မြင့်တာဆိုတဲ့ စရိုက်တွေကို ကွက်တိ ဖော်ပြ နေတယ် မဟုတ်လား"

လူဝကြီးသည် ပုံကို အစိတ်စိတ်အမြွှာမြွှာ ဆုတ်ဖြဲကာ ထိုနေရာမှ ထွက်သွားသည်။ ထွက်မသွားခင်–

"မင်းကို ဒီပန်းချီကားလို ဆုတ်ဖြဲပစ်တာ မခံရတာဘဲ ကျေးဇူးတင်"

ဟု ကြိမ်းမောင်းသွားသည်။

သူ စိတ်ပျက်လက်ပျက် ဖြစ်နေစဉ် သူ့ဘေးသို့ မိန်းကလေးတစ်ယောက် ရောက်လာကာ–

"ကျွန်မ ပုံတူ အပ်ချင်ပါတယ်"

ဟု ပြောလိုက်သည်။

ဤ မိန်းကလေးသည် လူဝကြီးနှင့်သူ ပြဿနာဖြစ်နေသည်ကို မလှမ်းမကမ်းမှ ကြည့်ရှု အကဲခတ်နေသူ ဖြစ်ကြောင်း သူ သတိထားလိုက်မိသည်။

"ပုံတူရေးတာ တစ်ထောင်နော်"

"ဟုတ်ပါပြီ၊ ဟို ဆိုင်းဘုတ်မှာ ရေးထားသားပဲ"

"စရန် ငါးရာ အရင် ပေးရမယ်၊ ခုန လူက ရေးပြီးတော့ မတူဘူးဆိုပြီး တစ်ပြားမှ မပေးဘူး"

"အို–ကျွန်မကတော့ ပေးမှာပါ"

သူ့ကို ငါးရာပေးလိုက်တော့ သူက မုန့်ဟင်းခါး သွားစားနေသည်။

"ခင်ဗျား ခဏစောင့်ဦး၊ ကျွန်တော် ပြန်လာခဲ့မယ်"

ဆိုသဖြင့် မိန်းကလေးက ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ စောင့်နေလိုက်ရသည်။

မုန့်ဟင်းခါး စားပြီးတော့မှ သူ ပြန်လာကာ ပုံတူရေးပေး၏။

ပြီးသောအခါ မလုံမလဲဖြင့်–

"တူရဲ့လား၊ ကျုပ်လည်း ဒီလောက်ပဲ ရေးတတ်တယ်။ မတူဘူးထင်ရင်လည်း ကျန်တဲ့ငါးရာ ပေးမနေပါနဲ့"

"အို . . . တူပါတယ်"

ကျန်တဲ့ငါးရာကို ထုတ်ပေးသည်။ သူ့ပစ္စည်းတွေ သိမ်းဆည်းနေတာကို ရပ်ကြည့်နေကာ–

"ရှင် ဆက်မရေးတော့ဘူးလား"

"ကျွန်တော်နဲ့ ဒီအလုပ်က အကျိုးမပေးပါဘူး၊

mgyoe.com

mgyoe.com


နောက် ပုံအပ်တဲ့သူရှိရင်လည်း ကျွန်တော်နဲ့ ငြင်းခုံနေရဦးမှာပဲ"

သူတို့နှစ်ယောက်သည် အနားက အအေးဆိုင်မှာ အတူတူ ထိုင်ဖြစ်ကြပြန်ကာ–

"ခင်ဗျားက ပန်းချီ ဝါသနာပါပုံရတယ်"

"ပန်းချီဆိုတာ ဘာမှန်းတောင် မသိဘူး"

"ဒါဖြင့်ရင် ပုံတူ အပ်တာက"

"ရှင့်ကို အကူအညီပေးချင်တဲ့စိတ် ရုတ်တရက် ပေါ်လာလို့၊ ပြီးတော့ တောက ကျွန်မ မိဘတွေဆီကို ပို့ပေးဖို့။ ပထမတော့ ဓာတ်ပုံရိုက်ပြီး ပို့မလို့ပဲ။ အခုတော့ ဒီ ပုံတူပန်းချီကားပဲ ပို့ပေးလိုက်တော့မယ်"

"တကယ် ပြန်ကြည့်တော့ ခင်ဗျားနဲ့ ကောင်းကောင်း မတူဘူး။ ခင်ဗျား မျက်လုံးတွေထဲမှာ ခိုနေတဲ့ ကရုဏာရိပ်တွေတောင် ပုံထဲမှာကုန်စင်အောင် ကျွန်တော် ထည့်သွင်းမပြနိုင်ခဲ့ဘူး"

သူမ နာမည်မှာ 'ရူပါ'ဟု ပြောသည်။

"ကျွန်မတို့အိမ်က မြို့သစ်ရဲ့ မြို့စွန်မှာပါ။ ငှားနေတဲ့ အခန်းကျဉ်းကလေးပါ။ အစ်ကိုမိသားစုဆီမှာ မှီခိုနေရတာ။ အစ်ကိုက ဆိုက်ကားနင်းတယ်။ ကလေးတွေကလည်း များတယ်။ ယောက်မကလည်း စိတ်ထားမဆိုးပေမယ့် နှုတ်ထွက်ဆိုးတယ်။ ငြိမ့်သည် ဖိတ်ခေါ်ဖို့ကောင်းတဲ့နေရာ မဟုတ်ဘူး။ ရှင် ကျွန်မကို တွေ့ချင်ရင် အဲဒီမြို့သစ်ကားဂိတ်နားက ရေသူမ စားသောက်ဆိုင်ကိုလာခဲ့။ အဲဒီမှာ ကျွန်မ ညတိုင်းသီချင်းဆိုတယ်။ ကျွန်မကလည်း ရှင့်လိုပဲ အနုပညာရှင်ဆိုပါတော့"

သည်ပြက်လုံးကို သဘောကျကာ သူတို့နှစ်ယောက်စလုံး ရယ်မောလိုက်ကြသည်။

"ဒါဆို မင်းက ရေသူမလေးပေါ့"

"အင်း– ဒီစကားက သိပ်တော့မလွဲဘူးလို့ ထင်တယ်။ ရေသူမဆိုတာ ရေရှိတဲ့ အရပ်မှာ ပျော်နေတဲ့သူ မဟုတ်လား"

ဗန်းစကားအရ 'ရေ'ဆိုတာ 'ငွေ'ကို ခေါ်တာမှန်းလောက်တော့ သူ နားလည်ပါသည်။

"ရှင် လာမှာလား"

သူ ရုတ်တရက် ပြန်မဖြေနိုင်။ သည်လိုနေရာမျိုးဟာ ငွေစ ရွှင်သူတွေ သွားကြတာဟု သူ ကြားဖူးနားဝရှိပါသည်။ သူက သည်လိုကိစ္စမျိုးတွင် ဖြုန်းသုံးနိုင်လောက်အောင် ငွေကြေးပိုလျှံလေ့ ရှိသူမဟုတ်။

"ကိုယ် တစ်ခေါက်တော့ ရောက်အောင် လာခဲ့ပါ့မယ်။ မင်းကို ကျေးဇူးဆပ်တဲ့ အနေနဲ့ပေါ့"

သို့သော် သူ တော်တော်ဖြင့် ထိုဆိုင်သို့ မရောက်ဖြစ်ပါ။ အခုတစ်လော ဆိုင်းဘုတ်အပ်မည့်သူ မရှိ။ သူ့မှာလည်း ငွေပိုငွေလျှံမရှိ။

တစ်ရက်တွင် အပြင်က ပြန်လာသော သူ့ဆရာက–

"ငိုင်မနေနဲ့၊ အလုပ်ရလာပြီ"

"ဘာအလုပ်လဲဗျ"

"ဘုန်းကြီးကျောင်း အုတ်တံတိုင်းတွေ ဆေးပြန်သုတ်ဖို့"

သူက လက်မခံချင်။

"ကျွန်တော်က ပန်းချီဆရာဗျ"

"အေးလေ၊ အခု အလုပ်ကလည်း စုတ်တံနဲ့ ဆေးနဲ့ အသုံးပြုရတာပဲ။ ဘာကွာလို့လဲ၊ ငြင်းမနေနဲ့၊ မင်းပါးစပ်ကရော ဒီနေ့ ထမင်းမစားချင်ပါဘူးလို့ ငြင်းတဲ့နေ့ ရှိလို့လား"

ဟုတ်တော့ ဟုတ်သည်။ သူက အနုပညာ ပါရမီရှင် မဟုတ်။ အဲဒီနေ့က ထုံးပုံးများကို အရောင်ဆိုးကာ သူနှင့် သူ့ဆရာက ဘုန်းကြီးကျောင်း ပတ်ပတ်လည် အုတ်တံတိုင်းကို ဆေးသုတ်ကြသည်။ တံတိုင်းတွေက ကျယ်ဝန်းသဖြင့် သုံးရက်ကြာသည်။ သူ၏ ပန်းချီဆရာဘဝတွင် အပင်ပန်းဆုံး ကာလများအဖြစ် မမေ့နိုင်အောင် မှတ်ထားရမည့် ရက်များဖြစ်၏။

သို့သော် သူ ငွေကြေးတော့ အတော်အသင့် ရခဲ့သည်။ သူ အဝတ်အစားတွေထဲမှ အလတ်ဆုံး အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်ကာ မြို့သစ်က ရေသူမ စားသောက်ဆိုင်သို့ ထွက်လာခဲ့သည်။

ထိုစားသောက်ဆိုင်တွင် အဓိကရောင်းသည်က ဘီယာ ဖြစ်သည်။ သူက အရက် (ဘီယာကိုလည်း

mgyoe.com

mgyoe.com


အရက်ဟု မှတ်သားထားပါသည်။) သောက်လေ့သောက်ထ မရှိသဖြင့် ထမင်းကြော်တစ်ပွဲနှင့် အအေးတစ်ပုလင်းမှာကာ ထိုင်နေခဲ့၏။ ဆိုင်က အစားအသောက်ညံ့သည်။ သည်တော့ စားသူသောက်သူနည်းလှ၏။ သူက စားပွဲထိုး လူငယ်တစ်ယောက်အား–

"ရူပါ ဘယ်တော့ဆိုမလဲ"

ဟု မေးသောအခါ ထိုလူငယ်က အံ့ဩသလိုငေးကြည့်သည်။

ရူပါသည် နောက်ဆုံးမှ ထွက်လာသည်။ သူ့ပုံစံကြည့်ရတာက မရွံ့မရဲ။

မိုးဇက်သည် ဂီတအကြောင်းကို နားလည်သူတစ်ဦး မဟုတ်ပါချေ။ သို့သော် ရူပါ၏အသံသည် သီချင်းဆိုရန် လုံးဝ မသင့်တော်သောအသံမျိုး ဖြစ်ကြောင်းလောက်တော့ သဘောပေါက်ပါသည်။ အသံက မအောင်။ ကြောင်ရှံ့လည်း နေသေးသည်။ သီချင်းဆိုတတ်ပုံမရ။ သူ ဆိုနေသောသီချင်း၏ အလိုက်ကိုပင်သေသေချာချာ ရပုံမရှိ။ သူ နားထောင်ဖူးသော သီချင်းတွေထဲမှာ စိတ်ပျက်စရာ အကောင်းဆုံး တစ်ပုဒ်ဟုပင်ဆိုရပေမည်။

မူးယစ်နေသူ လူတချို့က အော်ဟစ်လှောင်ပြောင်ကြသည်။ စားပွဲဝိုင်း သုံးဝိုင်းလောက် ရှိရာမှ သူ့သီချင်းတစ်ပုဒ်ပြီးသောအခါ အလျှိုအလျှို ထပြန်ကြရာဆိုင်တစ်ဆိုင်လုံးတွင် မိုးဇက်တစ်ယောက်သာ ကျန်နေခဲ့လေတော့သည်။

မိုးဇက်က ပန်းကုံးတစ်ကုံးဝယ်ကာ ဆုချခိုင်းလိုက်သည်။ ပန်းကုံးတစ်ကုံးကို ငွေတစ်ထောင် ပေးရသည်။ သူ စွန့်စားလိုက်ခြင်း ဖြစ်သည်။

နောက်တစ်ပုဒ် ဆိုပြီးသောအခါ သူ့စားပွဲမှာ ရူပါက လာထိုင်သည်။ သူတို့ ဘာစကားမှ မပြောဖြစ်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်ကြသည်။ သည်ရယ်မောခြင်းတွင် အဓိပ္ပာယ်များစွာရောယှက်ပါဝင်နေခဲ့ကာ ဝမ်းနည်းကြေကွဲမှုလည်း စိမ့်ဝင်နေတာ သူတို့ချင်းပဲ သိကြသည်။

အတန်ကြာမှ သူက မေးမိသည်။

"မင်း ဘာကြောင့် သီချင်းဆိုနေတာလဲ"

"ရွာမှာ ကောက်စိုက်မနေချင်လို့ပေါ့"

သူမက မဆိုင်းမတွ ပြောလိုက်သည်။

သူ ပန်းချီ ရေးတာကရော သူ့အမေလို၊ သူ့အစ်ကိုတွေလို ရုံးတစ်ရုံးမှာ ရုံးစာရေး တစ်ယောက် မဖြစ်ချင်လို့လား။

"ပါရမီ မပါဘူး"

သူ့ကိုယ်သူလား၊ ရူပါကိုလား ဘယ်သူ့ကို ရည်ရွယ်ထားမှန်း မသိသော စကားကို သူပြောလိုက်မိသည်။

ရူပါက

"ဒါဟာ ကျွန်မဘဝမှာ ပထမဆုံး ပန်းကုံးဆုချခံရတဲ့ညပဲ"

"အိမ်ပြန်တော့မလား"

"ဆိုင်က လိုက်ပို့ပေးလိမ့်မယ်"

ဟု ရူပါက ပြောသည်။

ဒါက ပိုအဆင်ပြေတာပဲ။

"ကိုယ်ပြန်တော့မယ်"

ဟု နှုတ်ဆက်လိုက်၏။

ရူပါက

"နောက် လာဦးမလား"

"မသေချာဘူး"

သူက မှန်သောစကားကို ဆိုလိုက်သည်။ သည်ဆိုင်ကိုလာရန် ဖြုန်းဖို့ငွေပိုငွေလျှံလေးရှိမှ ဖြစ်သည်။

တကယ်တော့ . . .

သူ တစ်ကိုယ်တည်း ဆိတ်ငြိမ်သော လမ်းပေါ်တွင် အတွေးတွေနှင့်ရစ်ထွေး လျှောက်လှမ်းလာခဲ့သည်။

ဝတ္ထုတစ်ပုဒ်ထဲမှာ ဆိုလျှင်တော့ သူနှင့် ကောင်မလေး မကြာခဏ တွေ့ဆုံရာမှ ချစ်ကြိုက်သွားကြမည်။ သူသည် အောင်မြင်သော ပန်းချီဆရာ ဖြစ်သွားကာ (ပန်းချီကားတွေကို ဒေါ်လာဖြင့်ရောင်းရကာ နိုင်ငံခြားတွင် တစ်ကိုယ်တော်ပြပွဲတွေ မကြာခဏ ကျင်းပဖြစ်သူ) အဆိုတော်ကောင်မလေးနှင့် လက်ထပ်လိုက်သည်။

mgyoe.com

အချစ်၊

အောင်မြင်ခြင်း၊

ငွေကြေး။

တကယ်တမ်းမှာတော့ (ဤအရာမှာ စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်လည်း မဟုတ်ရာ။) သူသည် ရူပါထံ အကြာကြီး မရောက်ဘဲနေသည်။

သည်အချိန်များအတွင်း သူ့ဘဝက တိုးတက်သွားသည်။

ပထမလူက ဆိုင်ပြုတ်သွားရာ သူသည် နောက်ထပ် ဆိုင်းဘုတ်ရေးသော ဆိုင်ကြီး တစ်ဆိုင်သို့ ပထမလူ၏ ထောက်ခံပေးမှုဖြင့် ရောက်ရှိသွားသည်။ ထိုဆိုင်တွင် ပထမဆိုင်ထက် ပိုကြီးသော ဆိုင်းဘုတ်များကို သူရေးရ၏။ (ငွေကတော့ နည်းနည်းပဲ ပိုရပါသည်။) တစ်ရက်တွင် လမ်း၌ ရေသူမ၌ စားပွဲထိုးလုပ်သော ကောင်လေးတစ်ဦးနှင့် သူတွေ့၏။ ကောင်လေးက သူ့ကို မမှတ်မိ။

"ရူပါရော"

ဟု မေးတော့–

"သူ ကျွန်တော်တို့ဆိုင်က ပြောင်းသွားတာ ကြာပြီ"

ဟု ဆိုသည်။

"ဘယ်ဆိုင်ပြောင်းသွားတာလဲ"

"ဒါတော့ ကျွန်တော်လည်း မသိဘူး"

တစ်ခါတစ်ရံ သူ တွေးမိသည်။

ရူပါ ဆိုသော ရေသူမလေး တစ်ယောက် ဘယ်ပင်လယ်မှာ ပျော်မွေ့နေလေသနည်း။

တောကို အတောင်ပေါက်၍ ပျံသန်းသွားကာ ကောက်စိုက်နေလေသလား။

သူ မသိသည်က ရူပါ ဆိုသော ကောင်မလေး တစ်ယောက်တည်း သူ နားမလည်သော ပန်းချီပြပွဲများသို့ရောက်ရှိလာတတ်ကာ ချိတ်ဆွဲထားသော ပန်းချီကားများတွင် သူ့အမည်ကို ရှာဖွေကြည့်၍ မတွေ့ရလေတိုင်း စိတ်ပျက်ဝမ်းနည်းစွာ ပြန်သွားလေ့ရှိသည်ဆိုသော အကြောင်းသာ ဖြစ်လေသည်။ ●

*မဟေသီမဂ္ဂဇင်း၊ (ဖေဖော်ဝါရီ၊ ၂၀၀၆)*

mgyoe.com

mgyoe.com

# ကောင်းကင်မရှိတဲ့ကြယ်

နတ်မှူး



ဘယ်သူမှ မပြောဖြစ်ခဲ့တဲ့ ဇာတ်လမ်းပေါ့ဗျာ။ ခင်ဗျား စိတ်ဝင်စားမလား မသိဘူး။ ဒီလိုဗျာ လွန်ခဲ့တဲ့နှစ် အတော်ကြာက အင်္ဂလန်နိုင်ငံကို ဆေးပညာ ဘွဲ့လွန်သင်တန်းတက်ဖို့ ကျွန်တော်ရောက်ခဲ့တယ်။ အဲဒီမှာ တရုတ်ပြည်ကလာတဲ့ 'စီ'ဆိုတဲ့အကောင်ရယ်။ အိန္ဒိယကလာတဲ့ 'အိုင်'ဆိုတဲ့အကောင်ရယ်၊ ကျွန်တော်ရယ် အာရှတိုက်သားတွေ လုံးမိပြီး သူငယ်ချင်းတွေ ဖြစ်သွားကြတယ်။ သုံးယောက်သား အဆောင်ကို စုငှားနေကြပြီး နေအတူ၊ သွားအတူ၊ စားအတူ၊ စာကျက်တော့လည်းအတူ။ နောက်ဆုံး အမ်အာစီပီဆိုတဲ့ ဆေးပညာပါရဂူ စာမေးပွဲကိုလည်း အတူတူ အောင်ခဲ့ကြတယ်။

ဒီတော့ ကျွန်တော်တို့လည်း ဝမ်းသာအားရ ကိုယ့်နိုင်ငံကိုယ်ပြန်ဖို့ ပြင်ဆင်ရတာပေါ့။ ကျွန်တော်တို့ငှားနေတဲ့ အဆောင်ပိုင်ရှင်က မစ္စတာပီရက်စ်တဲ့။ ဂျူးအဘိုးကြီးဗျ . . . ။ လင်မယားနှစ်ယောက်တည်းရှိတယ်။ သားသမီး မထွန်းကားဘူး။ သူ့အဆောင်မှာ အနေကြာလာတော့ သူက ကျွန်တော်တို့သုံးယောက်ကို သားအရင်းလို သံယောဇဉ် ဖြစ်နေရှာတယ်။ ဒါနဲ့ မစ္စတာပီရက်စ်က ကျွန်တော်တို့ သုံးယောက်ကိုခေါ်ပြီး ...

"ငါ့သားတို့ . . . မင်းတို့ ဒီနိုင်ငံကနေ အမ်အာစီပီဆိုတဲ့ ပါရဂူဘွဲ့ရပြီးလို့ မနက်ဖြန်ဆို ကိုယ့်နိုင်ငံကို ပြန်ရတော့မယ်။ မင်းတို့ မိသားစုတွေနဲ့လည်း ပြန်ဆုံရတော့မယ်။ ဒီအတွက် မင်းတို့ကိုယ်စား ဝမ်းသာပေမယ့် ကာလရှည်လျားစွာ အတူနေခဲ့တဲ့ မင်းတို့နဲ့ ခွဲခွာရမှာဖြစ်တဲ့အတွက် တစ်ဖက်ကလည်း ဝမ်းနည်းစရာပဲ။ ဒါပေမယ့် မင်းတို့လည်း သိတဲ့အတိုင်းပဲ။ လူဆိုတာ ကံစီမံရာ ကကြရတာပဲ။ တွေ့ဆုံကြုံကွဲ၊ ဖြစ်မြဲဓမ္မတာကိုး"

သူက သူ့မိန်းမ မစ္စပီရက်စ်ကို မေးငေါ့ပြီး ...

"မင်းတို့အမေက မင်းတို့ကို နှုတ်ဆက် ညစာလေးကျွေးချင်တယ်။ ဒီည အပြင်ထွက်မစားဘဲ ဒီမှာလာစားကြပေါ့"

ဒီလိုနဲ့ ကျွန်တော်တို့လည်း အဲဒီညက မစ္စတာပီရက်စ်တို့ ဇနီးမောင်နှံ တည်ခင်းတဲ့ ညစာကို စားကြရတယ်။ အဲဒီ ညစာစားပွဲမှာ မစ္စတာပီရက်စ်က . . .

"ငါ့သားတို့ . . . မင်းတို့ဟာ ဆရာဝန် ရင့်မကြီးတွေ ဖြစ်လာပြီဆိုတော့ လူနာတွေအများကြီးနဲ့ တွေ့ရတော့မယ်။ မမှားသော ရှေ့နေ၊ မသေသော ဆေးသမားမရှိဘူးဆိုတဲ့စကား မင်းတို့လည်း ကြားဖူးတာပဲ။ လူနာတွေထဲမှာ မင်းတို့ကုသလို့ ပျောက်နိုင်တဲ့ ရောဂါတွေပါသလို၊ ကုသလို့ မပျောက်နိုင်တဲ့ ရောဂါတွေလည်း

mgyoe.com

ပါလိမ့်မယ်။ ဥပမာ – ကင်ဆာလို ရောဂါမျိုးပေါ့။ ဘာပဲဖြစ်ဖြစ် လူဆိုတာ သူ့ကံနဲ့သူ တိုင်းထွာလာတာဆိုတော့ ကယ်နိုင်တဲ့လူ ကယ်ပြီး မကယ်နိုင်တဲ့လူကျ ကံကိုပဲ ပုံချရလိမ့်မယ်။ အရေးကြီးတာက လူနာတစ်ယောက်ဟာ သူ့ရောဂါကြောင့် သူသေတာမဟုတ်ဘဲ ဆရာဝန်ရဲ့ ပေါ့ဆမှု၊ ဒါမှမဟုတ် ဆရာဝန်ရဲ့ ပယောဂကြောင့် သေဆုံးတာမျိုး မဖြစ်စေနဲ့"

"အဖေ (ကျွန်တော်တို့က သူ့ကို အဖေလို့ခေါ်တယ်)ပြောတာ သိပ်မှန်တယ်။ တိုက်ဆိုင်လို့ တရုတ်ပြည်မှာ ကျွန်တော်ကြုံခဲ့ဖူးတဲ့ အဖြစ်ကလေးတစ်ခုပြော ပြဦးမယ်"

စီက ဘီယာတစ်ကြိုက် မော့သောက်လိုက်ပြီး စကားဆက်လိုက်တယ်။

"တစ်နေ့ ညကြီးသန်းခေါင် ကျွန်တော် အိပ်ပျော်နေတုန်း ဆရာ . . . ဆရာ ထပါဦး။ လူနာအရေးကြီးလို့ပါ"ဆိုပြီး အိမ်တံခါးကို တဝုန်းဝုန်းထုသံ ကြားရတယ်။ လန့်နိုးလာပြီး တံခါးဖွင့်ကြည့်လိုက်တော့ ကျွန်တော့်ဆီလာနေကျ ရင်ကျပ်ပန်းနာ အဘွားကြီး။ အဆုတ်က တရှုံ့ရှုံ့အသံပေးပြီး ဖားဖိုထိုးသလို မောနေတယ်။ ဒါနဲ့ ထိုးနေကျအတိုင်း အမိုင်နိုဖိုင်လင်းခေါ်တဲ့ ရင်ကျပ်ပျောက်ဆေးကို ၂၅ရာခိုင်နှုန်း ဂလူးကို့စ်နဲ့ရောပြီး ထိုးလိုက်တယ်။ ထိုးနေရင်းတန်းလန်း လူနာက . . ."

"အံမယ်လေး . . . ဆရာ။ တစ်ကိုယ်လုံးပူလာပြီး ရင်က ပိုကျပ်လာတယ်"လို့ ပြောတယ်။ အိပ်လို့ကောင်းတုန်း အနှိုးခံထားရလေတော့ လူက စိတ်တိုနေတယ်။ ဒါကြောင့် . . ."

"ဒီမှာ . . . အဘွားကြီး ဒီဆေးက ဒီလိုပဲ။ ခင်ဗျားလည်း ထိုးဖူးသားနဲ့"လို့ ငေါက်ပြောပြောလိုက်တယ်။ အဘွားကြီးက စကားပြန် မပြောနိုင်ဘူး။ ကြည့်လိုက်တော့ ဇက်က ကျိုးကျနေပြီ။ ကျွန်တော်က သူ့နှလုံးကို နားကြပ်နဲ့ ထောက်ကြည့်တယ်။ နှလုံးခုန်သံမကြားရတော့ဘူး။ မျက်လုံးကိုဖြဲပြီး ဓာတ်မီးနဲ့ ထိုးကြည့်တော့ သူငယ်အိမ် မကစားတော့ဘူး။ ဒီတော့မှ ကျွန်တော်လည်း ချွေးပြန်လာပြီး 'လူနာ အသက်မရှိတော့ဘူး'လို့ ပြောလိုက်တယ်။ လူနာရှင်တွေလည်း ငိုယိုပြီး အလောင်းကြီးကို ပွေ့ပြီး ပြန်သယ်သွားကြတယ်"

"စောစောက အိပ်ချင်စိတ်တွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားတယ်။ ခါတိုင်း ဒီဆေးထိုးရင် ဒီအဘွားကြီး သက်သာနေကျပါ။ ဒီတစ်ခါ ဘယ်လိုဖြစ်ပါတာလိမ့်ဆိုပြီး မကျေမနပ် ဖြစ်မိတယ်။ ဒါနဲ့ စောစောက ထိုးခဲ့တဲ့ အမိုင်နိုပုလင်းခွံကို ပြန်ရှာကြည့်တယ်။ 'ဘုရား ဘုရား' ကြက်သီးတွေထပြီး ကျွန်တော့် တစ်ကိုယ်လုံးမှာရှိတဲ့ အမွေးတွေ ထောင်လာတယ်။ ဒီ ထိုးဆေးပုလင်းက အမိုင်နိုထိုးဆေး မဟုတ်ဘူးဗျ။ ကယ်လ်စီယမ် ဂလူးကိုနိတ် ထိုးဆေးပုလင်း။ ကြွက်တက်တဲ့ရောဂါမှာ ထိုးရတာ။ ပုလင်းပုံစံကတူတော့ အိပ်ချင်မူးတူးနဲ့ မှားယူပြီး ထိုးလိုက်မိတာ အဘွားကြီး မသေခံနိုင်ရိုးလား။ ခေါင်းနားပန်းတွေ ကြီးသွားပြီ။ 'ငါ ဆေးထိုးမှားလို့ အဘွားကြီး သေတာ။ သူသေတာ ငါ့ကြောင့်။ ငါဟာ အလကား ဆရာဝန်'ဆိုပြီး ဆရာဝန်လုပ်ချင်စိတ်ကုန်သွားတယ်။ အချိန်တွေကြာလာလို့ မေ့မေ့ပျောက်ပျောက်ဖြစ်သွားပေမယ့် ဒီအဘွားကြီးမျက်နှာ အိပ်မက်မက်ပြီး လန့်နိုးရတာ မကြာခဏပဲ။ ဒီအဖြစ်ကို ပြန်တွေးမိတိုင်း ကျွန်တော်ဟာ အပြစ်ရှိသူတစ်ယောက်လို ခံစားနေရတုန်းပဲ"

အတော် စိတ်မကောင်းဖြစ်နေပုံရတဲ့ စီက ဘီယာကို တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်တယ်။

"ကျွန်တော့်မှာလည်း ပြောစရာတစ်ခုရှိတယ်ဗျ"

ကုလားလေး အိုင်က စကားစပြန်တယ်။

"ဒီလိုဗျ . . . ကျွန်တော် ဆေးခန်းဖွင့်တဲ့ ပြည်နယ်က စိုက်ပျိုးရေး အဓိကလုပ်တာဆိုတော့ ဆေးခန်းကိုလာတဲ့ လူနာအများစုက တောင်သူလယ်သမားတွေပဲ။ တစ်နေ့တော့ ကျွန်တော့်ဆေးခန်းကို လာနေကျ လယ်သမားတစ်ဦး ရောက်လာတယ်။ သူက . . .

"ဖနောင့်ငုတ်စူးလို့ဆရာရေ။ ဟိုအရွက်အုံ၊ ဒီအရွက်အုံနဲ့ ငါးရက်လောက် ရှိသွားပြီ။ အခု တအားရောင်ပြီးကိုက်လာတာ ညဆို မအိပ်နိုင်ဘူး"

mgyoe.com

mgyoe.com

"ခုလာတာ အနာတွေနဲ့ အကျိုးပေးသန်နေပါ့လား"

"ဟုတ်ပါ့ . . . ဆရာရေ။ ဘယ်လိုဖြစ်နေမှန်းကို မသိပါဘူး"

ဟုတ်တယ်ဗျ။ လွန်ခဲ့တဲ့ ၁၅ရက်လောက်က လက်ကို ဖက်လှီးဓားပြတ်လို့ ကျွန်တော် ချုပ်ပေးလိုက်ရသေးတယ်။ ကြည့်လိုက်တော့ သူ့အနာက ပြည်တည်နေပြီ။ ဒါနဲ့ ကျွန်တော်က . . .

"ဟာ . . . ခင်ဗျားအနာက တော်တော်မှည့်နေပြီ။ ခွဲမှ ဖြစ်မယ်"

"ခွဲဆိုလည်း ခွဲရမှာပေါ့ ဆရာရယ်။ ဒါပေမယ့် ထုံးစံအတိုင်း မနာအောင် ထုံဆေးနဲ့ခွဲပေးပါ။ ဆရာလည်း သိတဲ့အတိုင်း ကျုပ်က လူကြမ်းသလောက် အသည်းက နုတယ်ဗျ"

တိုတိုပြောရရင် သူ့ခြေထောက်ကို ထုံဆေးပေး၊ အနာကို ဓားနဲ့ခွဲပြီး ပြည်တွေ ညှစ်ထုတ်ပေးလိုက်တယ်။ လူနာလည်း ရယ်ရယ်မောမောနဲ့ အိမ်ပြန်သွားတယ်။ မကြာပါဘူး . . . လူနာအိမ်က လူတစ်ယောက် ပြန်လာပြီး . . .

"ဆရာ...အမြန်လိုက်ခဲ့ပါဦး။ လူနာက မူးတယ်...မူးတယ်ပြောပြီး ဘယ်လိုဖြစ်သွားမှန်းမသိဘူး"

ဒါနဲ့ ကျွန်တော်လည်း ဆေးအိတ်ဆွဲပြီး ထလိုက်သွားတယ်။ ဟိုအိမ်ရောက်တော့ လူနာက အသက်မရှိတော့ဘူး။ အိမ်အပြန်လမ်းမှာ . . .

'အရင် ဖက်လှီးဓားပြတ်တုန်းကလည်း ထုံဆေးထိုးပြီး ချုပ်ပေးခဲ့တယ်။ ဘာမှ မဖြစ်ခဲ့ဘူး။ ဒီတစ်ခါ ဘာများမှားပါလိမ့်။ ထုံဆေးပဲ မတည့်လို့လား၊ ဒါမှမဟုတ် ထုံဆေးက သွေးကြောထဲ ဝင်သွားလို့လား။ ငါ့နယ် . . . ကံဆိုးလိုက်တာနော်' ဆိုပြီး စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေတယ် . . .

"ဒီအနာကို ငါမခွဲဘဲ သူ့ဘာသာသူ ပြည်အပေါက်စောင့်လိုက်ရင် ဒီလူ မသေဘူး။ ငါ သွားခွဲလိုက်လို့သာ သူ့ခမျာ သေရတာ။ သွားခွဲတာကိုက ငါ့အမှား။ အို . . . ငါ ဆရာဝန်ဖြစ်လာတာကိုက မှားနေပြီဆိုပြီး လူနာတွေကို နောက်ထပ်ခွဲစိတ်ဖို့ ကြောက်လာတယ်။ နဂိုက ခွဲစိတ်မှု ဝါသနာပါတဲ့ ကျွန်တော်ဟာ ဆေးကုသမှုကိုပဲ လုပ်တော့မယ်ဆိုပြီး ဒီအမ်အာစီပီဘွဲ့ကို ယူဖြစ်သွားတယ်"

အိုင်ရဲ့ မျက်လုံးတွေက ဝမ်းနည်းမှု အရိပ်အယောင်တွေနဲ့ ရီဝေနေတယ်။

"ကျွန်တော့် အဖြစ်ကလည်း ဆိုးလွန်းပါတယ်ဗျာ"

ကျွန်တော်က စကားစလိုက်တယ်။

"အဲဒီတုန်းက ကျွန်တော်အထက်မှာ မြို့နယ်ဆရာဝန်တစ်ယောက် ရှိတယ်။ သူက ကျွန်တော့်ကို ညီအရင်းလိုချစ်တယ်။ ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ မြို့က အကြေမြို့ကလေးတစ်မြို့။ ကြံခင်းတွေ၊ ဖရဲခင်းတွေ ပေါမှပေါ။ တစ်နေ့ နေ့လယ်မြို့နယ် ဆရာဝန်ကြီးကခေါ်ခိုင်းလို့ ဆေးရုံကို လာခဲ့တယ်။ ဆေးရုံရုံးခန်းရောက်တော့ မြို့နယ်ဆရာဝန်ကြီးကို အိပ်ရာပေါ် ခွေခွေလေး လှဲနေတာ တွေ့ရတယ်။ ဒါနဲ့ ကျွန်တော်က . . .

"အစ်ကိုက ဘာဖြစ်တာလဲ။ နေမကောင်းဘူးလား"

"အေးကွာ . . . လူနာအိမ်တွေ လည်ကြည့်ရင်းနေကပူတော့ အားနည်းသွားသလား မသိဘူး"

"မှန်းစမ်း . . . ကျွန်တော် စမ်းကြည့်ရအောင်"

စမ်းကြည့်လိုက်တော့ သွေးပေါင် နည်းနည်းကျတယ်။ ကျွန်တာတွေ အကုန်အကောင်း။

"ဟာ . . . သွေးပေါင်ကျနေတာပဲ။ နေပူလို့နဲ့တူတယ်။ ချိုင်နာ် (Ringer) တစ်လုံးလောက် ဆက်လိုက်ရအောင်"

"အေး . . . အေး . . . ။ မင်းကောင်းသလိုကြည့်လုပ်ကွာ"

ဒါနဲ့ ကျွန်တော်လည်း ချိုင်နာ်ပုလင်းကြီးထဲ အားဆေးတွေထည့်ပြီး ဆက်ပေးလိုက်တယ်။ သူနာပြုဆရာမတစ်ယောက်ကို ဂရုစိုက်ဖို့မှာခဲ့ပြီး ဆေးရုံက လူနာတွေကိုကြည့်ဖို့ ထွက်ခဲ့တယ်။ မကြာပါဘူး၊ အဲဒီဆရာမ အူယားဖားယားပြေးလိုက်လာတယ်"

mgyoe.com

mgyoe.com



"ဆရာ . . . ဆရာ။ ဆရာကြီး သတိလစ်သွားပြီ" တဲ့

ဒါနဲ့ ကျွန်တော်လည်း မသင်္ကာလို့ Glucometel ခေါ်တဲ့ သွေးချိုစစ်တဲ့ စက်ကလေးနဲ့ စမ်းကြည့်လိုက်တယ်။ မြတ်စွာဘုရား . . . သွေးချိုတွေ အရမ်းတက်နေပါလား။

မြို့နယ်ဆရာဝန်က Diabetes Coma (သွေးချိုတက်၍ သတိလစ်ခြင်း)ရပြီး စန့်စန့်ကြီး ဖြစ်နေပြီ။ နောက် ဘယ်တော့မှ သတိပြန်မရဘဲ ဒီရောဂါနဲ့ သူ ကွယ်လွန်သွားတယ်။ ခက်တာက ကျွန်တော် သိရသလောက် သူ့မှာ ဆီးချိုသွေးချိုရောဂါရာဇဝင် မရှိဘူး။ နောက်ပြီး သူက ဆေးလည်ကုရင်း ကြုံရည်သောက်၊ ဖရဲသီးတွေ စားလာခဲ့သေးတယ်တဲ့။ ဒါတွေကြောင့် သွေးချိုတက်ပြီး မအီမသာဖြစ်နေတာ။ ဒါကို မသိဘဲ အားနည်းတယ်ထင်ပြီး ပုလင်းကြီး ဆက်လိုက်တော့ သူ့ခမျာ မြန်မြန်သေသွားတာပေါ့။

ကျွန်တော်တော့ 'ငါ တော်တော် အသုံးမကျတဲ့ ဆရာဝန်။ ဒီလူသေတာ ငါ့ပယောဂ မကင်းဘူး'ဆိုပြီး တဖျစ်တောက်တောက်နဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိတယ်။ ဆရာဝန်ကတော်ကိုလည်း ဘယ်လို မျက်နှာချင်းဆိုင်ရမှန်း မသိတော့ဘူး။ ခုချိန်မှာ ကလေးသုံးယောက်နဲ့ ဘဝကို ဘယ်လိုရုန်းကန်နေမှန်းမသိတဲ့ ဆရာဝန်ကတော်ကို မြင်ယောင်ရင်း စိတ်မသက်မသာ သက်ပြင်းချလိုက်မိတယ်။

"ငါ့သားတို့ . . . လူတစ်ယောက် သေဆုံးသွားတာ ဝမ်းနည်းစရာဆိုတာ သေချာပေမယ့် လူတစ်ယောက် အသက်ရှင်လာတာ ဝမ်းသာစရာ သေချာရဲ့လား"

မစ္စတာ ပီရက်စ်က ကောက်ခါငင်ကာ မေးခွန်းထုတ်လိုက်တယ်။ ကျွန်တော်တို့ကလည်း မဆိုင်းမတွဘဲ . . .

"သေမင်းလက်က လူတစ်ယောက်ရဲ့အသက်ကို လုယူနိုင်ခဲ့ရင် ဒီထက် ဝမ်းသာစရာကောင်းတဲ့ အောင်မြင်မှု ရှိဦးမလား"

မစ္စတာပီရက်စ်က . . .

"ကောင်းပြီလေ။ ကျုပ်ကို မောင်ရင်တို့လိုပဲ ပြောခဲ့ဖူးတဲ့ ဆရာဝန်တစ်ယောက်ရဲ့ ဝမ်းနည်းစရာ ဇာတ်ကြောင်းလေးကို ပြောပြချင်ပါတယ်"

"အလို . . . ဆေးလောကနဲ့ မပတ်သက်တဲ့ အဘိုးကြီးမှာလည်း ရင်ဖွင့်စရာနဲ့ပါကလား"

သူက စကားဆက်လိုက်တယ်။

"အဲဒီ ဆရာဝန်က တခြားသူမဟုတ်ဘူး။ ကျုပ်ရဲ့အဖေ ဒေါက်တာပီရက်စ်ပဲ။ ဒုတိယကမ္ဘာစစ် မဖြစ်မီ ကျုပ်တို့သားအဖက ဂျာမနီပြည်ရဲ့ တောမြို့လေးတစ်မြို့မှာ နေတယ်။ အဖေက ဆေးခန်းလေးဖွင့်ထားတယ်။ လူနာရှိလို့ လာခေါ်ရင် အနီးအနားက ကျေးရွာတွေကို မြင်းရထားတစ်စီးနဲ့ ဆေးလိုက်ကုတယ်။ ငွေကြေးကို အဓိကမထားဘဲ စေတနာအရင်းခံနဲ့ကုတော့ အဖေ့ကို လူတွေက သိပ်ချစ်ကြတယ်။ တစ်နေ့ အဖေဆေးကုသွားရာကအပြန် မြင်းရထားပေါ်မှာ သတိလစ်နေတဲ့ လူငယ်တစ်ယောက် ပါလာတယ် . . .

"တောထဲမှာ အအေးမိပြီး သတိလစ်နေတာတွေ့လို့ ခေါ်လာတာ သားရေ . . . ။ ငါတို့ သူ့အသက်ကို မရရအောင် ကယ်ရမယ်ကွ"

"ဒါနဲ့ အဖေက အဲဒီလူငယ်ကို နေ့မနား ညမနား ပြုစုတယ်။ ကျုပ်ကတော့ အဖေ့ကို ကူလုပ်ပေးရတာပေါ့။ ပုလင်းကြီးတွေဆက်၊ နှာခေါင်းပိုက်ကနေ အစာတွေသွင်း၊ ပဋိဇီဝဆေးတွေထိုးနဲ့ နောက်ဆုံးတော့ အဖေဟာ ဒီလူငယ်ရဲ့အသက်ကို ကယ်တင်နိုင်ခဲ့တယ်။ ဒီလိုနဲ့ လူငယ်က ကောင်းကောင်းကြီး နာလန်ထလာတယ်။ သူ့နာမည်က အဒေါ့ဖ်တဲ့"

"အဒေါ့ဖ် . . ."

ဟုတ်တယ် . . . သူက ဂျာမန် လူငယ်တစ်ယောက်ပေါ့။ နေကောင်းလာတဲ့အခါ အဒေါ့ဖ်က ကျုပ်တို့ရဲ့ အိမ်မှုကိစ္စတွေကို ကျုပ်နဲ့အတူ ဝိုင်းလုပ်ပေးတယ်။ ပြောင်းခင်းတွေ ကူရိတ်ပေးတယ်။ နွားကျောင်းတယ်။ အဖေဆေးကုသွားရင် ဆေးအိတ်ကိုင်ပြီး နောက်ကလိုက်တယ်။ အဖေက အဒေါ့ဖ်ကို သားတစ်

mgyoe.com

ယောက်လို ချစ်တယ်။ ကျုပ်ကတော့ အဒေါ့်ဖ်ရောက်လာတာ ကောင်းကင်ဘုံက အစ်ကိုတစ်ယောက် ကျလာသလိုပါပဲ။

"အဒေါ့်ဖ်ဟာ လူကောင်းတစ်ယောက်ပဲဟေ့...။ ဒီလို လူငယ်တစ်ယောက်ရဲ့အသက်ကို ကယ်ခဲ့ရတာ တော်တော် ကျေနပ်စရာကောင်းတယ်"လို့ အဖေက မကြာခဏပြောလေ့ရှိတယ်။ တစ်နေ့ မနက်မှာ အဒေါ့်ဖ် အိမ်က ပျောက်သွားတယ်။

အဘ ဒေါက်တာ . . .

အဖ ဂျာမနီပြည်ကြီးအတွက် လုပ်စရာတွေရှိသေးလို့ ကျွန်တော် သွားပြီ။ ကျွန်တော့်အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကံမကုန်ရင် ပြန်ဆုံသေးတာပေါ့ . . .

အဒေါ့်ဖ်

. . . ဆိုပြီး စာလေးတစ်စောင် ချန်ထားခဲ့တယ်။ အဖေကတော့ အဒေါ့်ဖ်ပြန်လာနိုးနဲ့ နေ့စဉ်မျှော်နေတတ်တယ်။ ဒီလိုနဲ့ နှစ်တွေကြာလာပြီး ဂျာမနီပြည်မှာ နာဇီပါတီခေါင်းဆောင် ဟစ်တလာအာဏာရလာတယ်။ သူက မဟာအင်အားကြီးနိုင်ငံ ထူထောင်ဖို့အတွက် စစ်ပြင်နေပြီ။ ဥရောပမှာ စစ်ရိပ်စစ်ငွေ့တွေ သန်းလာတယ်။ တစ်နေ့တော့ အဖေဆေးကုရာကအပြန် ဟစ်တလာပုံပါတဲ့ သတင်းစာကို ကိုင်ပြီး . . .

"ဟေ့ . . . ပီရက်စ်။ ဒီ ဟစ်တလာကို မင်းမြင်ဖူးတယ်လို့ မထင်ဘူးလား"ဆိုပြီး မေးတယ်။

"ဟာ . . . အဖေကလည်း သူ့ပုံသတင်းစာထဲ ခဏခဏပါနေတာ မြင်ဖူးတာပေါ့ဗျ။ ဒါအဆန်းလား"

"အေး . . . ငါလည်း အစကတော့ မင်းလိုခပ်ပေါ့ပေါ့ပဲ ဟစ်တလာကို သေချာမကြည့်မိဘူး။ နောက်မှ ကြည့်ရင်းကြည့်ရင်းနဲ့ ရင်းရင်းနှီးနှီးထဲက တစ်ယောက်ယောက်နဲ့ တူပါတယ်လို့ အောက်မေ့မိတယ်။ သူ့နှုတ်ခမ်းမွေးကိုဖယ်ပြီး အသက်ငယ်ကြည့်လိုက်စမ်းကွာ။ သူ ဘယ်သူနဲ့ တူသလဲလို့"

စူးရှတောက်ပြောင်တဲ့မျက်လုံး၊ ထင်းနေတဲ့ နှာခေါင်း၊ ပါးလျလျနှုတ်ခမ်း၊ ခိုင်မာတဲ့မေးရိုး။ ဒါ . . . အဒေါ့်ဖ်မှ . . . အဒေါ့်ဖ် အစစ်။

"အဖေ . . . သူက ကျွန်တော်တို့ကယ်ခဲ့တဲ့ အဒေါ့်ဖ်နဲ့ တူသလိုပဲ"

"အေး . . . ဟုတ်တယ်။ ငါလည်း ဒီလို ထင်တာပဲ။ နောက်ပြီး သူ့နာမည်က အဒေါ့်ဖ်ဟစ်တလာဆိုတော့ ငါတို့ အဒေါ့်ဖ်ဖြစ်ဖို့ နီးစပ်တယ်။ ဟုတ်မဟုတ် ငါတို့ သွားတွေ့ကြည့်ရအောင်"

ဒါနဲ့ ကျုပ်တို့သားအဖ မြို့တော် ဘာလင်ကို လာခဲ့ကြတယ်။ ဂျာမနီပြည်ရဲ့ အဓိပတိခေါင်းဆောင်ကြီး ဟစ်တလာနဲ့ တွေ့ဖို့ဆိုတာ ပြောသလောက် မလွယ်ဘူး။

တွေ့ချင်သူ . . .

ဒေါက်တာပီရက်စ်နှင့် သား ဂျူနီယာပီရက်စ်...

. . . ဆိုတဲ့ နာမည်ကတ်လေးက အဆင့်ဆင့် ဖြတ်သန်းပြီးမှ နောက်ဆုံး ကျုပ်တို့ သားအဖ ဟစ်တလာရှေ့ ရောက်ခဲ့တယ်။

"ဟဲလို . . . အဘ ဒေါက်တာ။ ဟဲလို . . . ညီလေး ပီရက်စ်။ နေကောင်းကြရဲ့လား"ဆိုပြီး ဟစ်တလာက ဝမ်းသာအားရ ထနှုတ်ဆက်တယ်။ နောက် သူက . . .

"ဒီမှာ . . . အဘ။ ကျွန်တော်ဟာ အဘအိမ်မှာ တောက်တိုမယ်ရ ကူလုပ်ပေးတဲ့ အဒေါ့်ဖ် မဟုတ်တော့ဘူး။ အခု ဂျာမနီပြည်ရဲ့ လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့ ခေါင်းဆောင်ကြီး ဟစ်တလာဖြစ်နေပြီ။ အဘ မအံ့သြဘူးလား"

အဖေက ပါးစပ်ဟောင်းလောင်း ဖြစ်နေတယ်။ နောက်မှ . . .

"အိပ်မက်တစ်ခုလို့ အောက်မေ့ရကယ်။ အဒေါ့်ဖ်က ဟစ်တလာတဲ့။ မယုံနိုင်စရာပဲ"

"ဘာမှ မယုံမရှိပါနဲ့။ ကျွန်တော်က အဘ ကယ်တင်ခဲ့တဲ့ အဒေါ့်ဖ်အစစ်ပါ။ အဘဟာ ကျွန်တော့်ရဲ့ အသက်သခင်ပဲ။ ပြော . . . အဘ . . . ဘာရလိုချင်သလဲ။ လိုချင်တာ အကုန်ရစေရမယ်"

အဖေက လေးလေးနက်နက်စဉ်းစားလိုက်ပြီး...

mgyoe.com

mgyoe.com



"အဒေါ့ဖ်ရေ . . . တကယ်ရမှာဆိုတာ သေချာရဲ့လား"

"ဟာ . . . စိတ်ချ . . . အဘ။ မြေလား၊ ရွှေလား၊ ငွေလား၊ ရာထူးလား"

အဖေက ခေါင်းခါလိုက်ပြီး . . .

"ဒါတွေ တစ်ခုမှမဟုတ်ပါဘူး၊ ငါလိုချင်တာ ငြိမ်းချမ်းရေးပါ"

"ငြိမ်းချမ်းရေး"

"ဟုတ်တယ် . . . အဒေါ့ဖ်။ အခု မင်းက တခြားနိုင်ငံတွေကို သိမ်းပိုက်ဖို့ စစ်ပြင်နေတယ်ဆိုတဲ့ သတင်းတွေ ပလူပျံနေတယ်။ ဒီသတင်းအမှန်တကယ်ဆိုရင်တော့ လူတွေအတွက် မကောင်းဘူး။ စစ်ကိုအကြောင်းပြုပြီး အသက်အိုးအိမ်စည်းစိမ်တွေ သေကျေ ပျက်စီးကြလိမ့်မယ်"

"အဲဒီတော့ . . ."

"အဲဒီတော့ . . . မင်းရဲ့စစ်ရေး အစီအစဉ်တွေကို စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးရအောင်လုပ်ဖို့ မေတ္တာရပ်ခံပါရစေ"

"တော်တိတ်... လုံးဝကို မဖြစ်နိုင်ဘူး။ ငြိမ်း ချမ်းရေးကိုလိုချင်တယ်ဆိုရင် အဘလှည့်ပြန်ပါ။ဒါမှမဟုတ် တခြားတစ်ခုခုနဲ့ အစားထိုးတောင်းလိုက်စမ်းပါ"

"မင်းပြောတော့ တကယ်ရမှာဆို"

"ဟုတ်တယ်လေ . . . ငြိမ်းချမ်းရေးကလွဲရင်ပေါ့"

"ငြိမ်းချမ်းရေးကလွဲပြီး ငါ ဘာမှမလိုချင်ဘူး။ ဘာနဲ့မှလည်း အလဲအလှယ်မလုပ်နိုင်ဘူး"

"ခေါင်းမာလှချည်လား"

"ဟုတ်တယ် . . . အဒေါ့ဖ်။ မင်း လူတွေရဲ့ ရင်ထဲကလာတဲ့အသံကို ကြားအောင် နားထောင်ကြည့်စမ်းပါ။ ငြိမ်းချမ်းရေးဆိုတာ ပွဲတင်ထပ်လာမယ်"

ဟစ်တလာရဲ့မျက်နှာဟာ ချက်ချင်း တင်းမာလာတယ်။

"ဟေ့ . . . သူတို့ကို ခေါ်သွားလိုက်စမ်း"ဆိုပြီး အစောင့်စစ်သားကို အမိန့်ပေးလိုက်တယ်။ ကျုပ်တို့သားအဖ အခန်းတံခါးနားရောက်ခါနီးမှာ "နေဦး"ဆိုတဲ့ အော်သံ နောက်ကျောဘက်က ထွက်လာတယ်။ လှည့်ကြည့်လိုက်တော့ ဟစ်တလာက . . .

"ဒီမှာ . . . ဂျူးအဘိုးကြီး။ ခင်ဗျားက ကျုပ်အသက်ကို ကယ်ခဲ့တော့ ခင်ဗျားကို နောက်ဆုံးအခွင့်အရေးပေးလိုက်မယ်။ ခင်ဗျားတို့ သားအဖ ဒီနိုင်ငံကနေ အမြန်ဆုံးထွက်သွားပါ"

"ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်လို့လဲဆိုရင် ခင်ဗျားတို့ဂျူးတွေ ကျုပ်တို့ ဂျာမန်တွေအပေါ် ကပ်သွေးစုတ်နေတာ ကြာပြီ။ အခု ဂျူးတွေရဲ့သွေးနဲ့ ကျုပ်တို့ခြေဆေးတော့မလို့ဘဲ"

"ဘုရားသခင်"

ဒီလိုနဲ့ သားအဖနှစ်ယောက် စိတ်မသက်မသာနဲ့ အိမ်ပြန်ခဲ့ကြတယ်။

"အင်း . . . ငါကယ်တင်ခဲ့တာ လူတစ်ယောက်မဟုတ်ဘဲ မိစ္ဆာတစ်ကောင် ဖြစ်နေပါ့လား။ အခုဒီမိစ္ဆာက သွေးဆာနေပြီ။ လူတွေ သေကျေပျက်စီးတော့မယ်။ ဒါကို ငါဘယ်လိုမှ မတားဆီးနိုင်ခဲ့ဘူး" ဆိုပြီးတော့ အဖေက တဖျစ်တောက်တောက်ပြောလာတယ်။ နောက်တစ်နေ့မှာ အဖေက ကျုပ်ကို အင်္ဂလန်ကို အတင်းလွှတ်တယ်။

"ငါတို့ ဂျူးတွေအတွက် ဒီနိုင်ငံက မလုံခြုံတော့ဘူး။ ငါ့သား မင်းသွားမှ ဖြစ်မယ်"

"ဟုတ်ကဲ့ . . . ကျွန်တော် သွားမှာပါ။ ဒါပေမယ့် အဖေ မပါဘဲနဲ့တော့ မသွားနိုင်ဘူး"

"ဒီမှာ . . . ပီရက်စ်၊ အဖေဟာ ဆရာဝန်တစ်ယောက်ပါ။ အဖေ့လူနာတွေကို ဒီအတိုင်း မထားရက်နိုင်ဘူး။ လေဖြတ်နေတဲ့ ရှရိုဒါ၊ ရင်ကြပ်ပန်းနာသည် နာတာလျှာ၊ ကလေးတီဘီဖြစ်နေတဲ့ မူလာ အစရှိတဲ့ ဒီလူနာတွေ အဖေမရှိတော့ရင် ဒုက္ခရောက်မှာပေါ့။ ဒီမြို့ကလေးမှာ ဆရာဝန်ဆိုလို့ အဖေတစ်ယောက်ပဲ ရှိတာ။ အဖေမရှိရင် သူတို့ အားကိုးမဲ့သွားလိမ့်မယ်။ နောက် အဖေက အသက်ကြီးပါပြီကွာ။ အဖေသေရင်လည်း မင်းအမေ ခေါင်းချခဲ့တဲ့ ဒီဂျာမနီမှာပဲ သေချင်တယ်။

mgyoe.com

mgyoe.com



ဒီတော့ ငါ့သား အဖေ့အတွက် မနှောင့်နှေးပါနဲ့။ မင်း အမြန်သွားပါ။ ကြာရင် အထွက် ခက်လိမ့်မယ်"

ဒါနဲ့ အဖေ့စကားကို နားထောင်ပြီး ကျုပ်လည်း အင်္ဂလန်ကို ထွက်ခဲ့တယ်။ နောက် အဖေ့ရဲ့ လောဆော်မှုနဲ့ ဂျူး တချို့တစ်ဝက်ကိုလည်း အပါခေါ်နိုင်ခဲ့တယ်။ ဒါပေမယ့် ဂျူးအများစုက ကျုပ်တို့စကားကို မယုံကြဘူး။ မကြာပါဘူး။ ဟစ်တလာက ဂျူးသုတ်သင်ပွဲကြီး စတော့တယ်။ နောက် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ အဖေ့သတင်းကို ဘာမှမကြားရတော့ဘူး။နောက်မှ အင်္ဂလန်ရောက်လာတဲ့ ဂျာမန် ဂျူးတစ်ယောက်ပြောပြလို့ အဖေဟာ ဂျာမန်တပ်တွေ အဖမ်းခံရပြီး အော့ဇ်ဝစ်ချ်အကျဉ်းထောင်မှာ ကွယ်လွန်ခဲ့တယ်လို့ သိရတယ်။ နောက်ဆုံးတော့ အဖေဟာ သူကယ်တင်ခဲ့တဲ့ လူတစ်ယောက်ရဲ့ ပယောဂနဲ့ သေဆုံးခဲ့ရတယ်။

မစ္စတာပီရက်စ်ရဲ့ မျက်ဝန်းအစုံမှာ မျက်ရည်တွေ ဝေ့နေတယ်။

"ဒီ အင်္ဂလန်ကို မလာခင် ကျုပ်အဖေကို မေးကြည့်ဖူးတယ်"

"အဖေ . . . အဒေါ့ဖ်ရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့အတွက် နောင်တရမိသလား"လို့ . . .

"ဒီမှာ . . . ငါ့သား။ လူတစ်ယောက်က လူတစ်ယောက်ရဲ့အသက်ကို ကယ်တင်တယ်ဆိုတာ ဘယ်ဘုရားသခင်ရဲ့ အလိုနဲ့မဆိုကိုက်ညီတယ်။ ဒီတော့ အဒေါ့ဖ်ရဲ့ အသက်ကို အဖေကယ်ခဲ့တာ လုံးဝနောင်တမရဘူး။ ဆရာဝန်တစ်ယောက်အနေနဲ့ဆို သေကောင်ပေါင်းလဲဖြစ်နေတဲ့ လူတစ်ယောက်ရဲ့အသက်ကို ကယ်တင်နိုင်ခဲ့တာ ဂုဏ်တောင်ယူရဦးမယ်။ အဒေါ့ဖ်ဆိုတဲ့ ရိုးရိုးသားသားကောင်လေးက ဟစ်တလာဆိုတဲ့ ဂျာမန်အဓိပတိဖြစ်သွားတာတော့ ငါတို့ကံဆိုးလို့ပဲလို့ ပြောရလိမ့်မယ်"

အဲဒီညက ကျွန်တော်တို့ ဆရာဝန်သုံးယောက်စလုံး အိပ်မပျော်ဘူး။ နာဇီအကျဉ်းစခန်းတစ်ခုမှာ မထင်မရှား သေသွားရှာတဲ့ ဒေါက်တာပီရက်စ်ဆိုတဲ့ လူတစ်ယောက်ကို မြင်ယောင်နေမိတယ်။ သူဟာ ငြိမ်းချမ်းရေးကို မြတ်နိုးသူ။ စစ်ကြီးမဖြစ်အောင် သူစွမ်းနိုင်သမျှတားဆီးခဲ့တယ်။ နောက် ဆရာဝန်ပီသစွာနဲ့ သူချစ်တဲ့လူနာတွေအတွက် အသက်စွန့်ခဲ့တယ်။ တကယ်တော့ သူဟာ သူရဲကောင်းတစ်ယောက်။ ကျွန်တော်တို့ လေးစား အတုယူစရာကောင်းတဲ့ သူရဲကောင်းတစ်ယောက်ပါ။

"သမိုင်း စာမျက်နှာကို မိုးကောင်းကင်နဲ့ တင်စားရရင် ကြယ်စင်တွေက သူရဲကောင်းတွေပေါ့။ ကောင်းကင်ကို မော့ကြည့်ရင် မရေတွက်နိုင်တဲ့ ကြယ်စင်တွေဟာ သူ့နေရာနဲ့သူ အခိုင်အမာ ရပ်တည်နေတာ ခင်ဗျား တွေ့ရလိမ့်မယ်။ ဒါပေမယ့် ဒေါက်တာပီရက်စ်လို ကောင်းကင်မရှိတဲ့ အညတရကြယ်စင်တွေအများကြီးရှိနေတယ်ဆိုရင် ခင်ဗျား ယုံမလား။ ဘယ်သူ့မှ မပြောဖြစ်တဲ့ဇာတ်လမ်းလေးပေါ့ဗျာ။ ခင်ဗျား စိတ်ဝင်စားမလားတော့ မသိဘူး . . ."

*ရနံ့သစ်၊ (ဖေဖော်ဝါရီ၊ ၂၀၀၆)*

mgyoe.com

mgyoe.com

# မုဆိုးမသုံးယောက်၏သားများ

ယဉ်ယဉ်နု (မန္တလေး)



ဖေ‌ဌေး၊ အောင်တင့်နှင့် ဘခိုင်တို့ဟာ ရပ်ကွက်မူလတန်းကျောင်းမှာ တတိယတန်းကျောင်းသားကလေးတွေ ဖြစ်ကြပါတယ်။ အသက်ကလေးတွေကလည်း ဘာရှိကြမှာလဲ။ ကိုးနှစ်၊ ဆယ်နှစ်ဝန်းကျင်ပေါ့။ ဖေဌေးတို့ ငှားနေတဲ့ အခန်းကျဉ်းကလေးထဲက လှမ်းကြည့်ရင် ဘခိုင်တို့ရဲ့ ရေနံချေးဝနေတဲ့ နှစ်ထပ်အိမ်မည်းမည်းကြီးကို တွေ့နေရတယ်။ အောင်တင့်တို့ကတော့ သူတို့သုံးယောက်ထဲမှာ အချမ်းသာဆုံးပဲလေ။ ဖေဌေးတို့နဲ့ နှစ်အိမ်ခြားလောက် လမ်းထောင့်က တိုက်ကြီးက ဟီးနေတာပဲ။ သုံးသောက်သား ချမ်းသာဆင်းရဲသာ ကွဲပြားကြတယ်။ ကံကြမ္မာတွေကတော့ ကံတူအကျိုးပေးလို့ ပြောရမလားပဲ။ သူတို့သုံးယောက်လုံးရဲ့အမေတွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ခင်ပွန်းတွေ ကွယ်လွန်ကုန်ကြပြီ။ စောစောစီးစီး မုဆိုးမတွေ ဖြစ်သွားကြတယ်။ ဒါကြောင့်မို့လား မသိဘူး။ သူတို့သုံးယောက်ဟာ ရပ်ကွက်ထဲက သူငယ်ချင်းတွေထက် အချင်းချင်းပိုချစ်ကြတယ်။ မနက်ဆိုရင် အောင်တင့်တို့ တိုက်ကြီးရဲ့ အရှေ့မှာရှိတဲ့ သရက်ပင်အောက်က ခုံတန်းကလေးပေါ်မှာ တစ်ယောက်ကိုတစ်ယောက် စောင့်ပြီးမှကျောင်းကို အတူတူသွားကြလေ့ရှိတယ်။ ဘယ်တော့မှလည်း မခွဲကြဘူး။ တတွဲတွဲနဲ့ အမြဲနေကြတာ။

ဖေဌေးတို့အဖေက အရင်တုန်းက ကျောက်သမား၊ လမ်းပွဲစားလေး လုပ်နေတာ၊ အရင်းအနှီးလေးနည်းနည်းရလာတော့ မှော်ထဲ တက်သွားလိုက်တာ တစ်ခါတည်း ငှက်ဖျားမိပြီး သေပါလေရော။ ဖေဌေးတို့မှာ အလောင်းတောင် မမြင်လိုက်ရဘူး။ မလုပ်တတ်မကိုင်တတ်နဲ့ ကျန်ခဲ့တဲ့ ဖေဌေးအမေ မုဆိုးမလေးခမျာ ရာသီပေါ်သီးနှံလေးတွေ ရောင်းလိုရောင်း၊ အိမ်တကာလှည့်ပြီး အဝတ်လျှော်လိုလျှော်နဲ့ ဖေဌေးနဲ့ ဖေဌေးညီမလေးပေါက်စ မောင်နှမနှစ်ယောက်ကို ရှာဖွေကျွေးရတော့တာပေါ့။

ဘခိုင်အဖေလည်းကျောက်သမားပဲ။ ဒါပေမယ့်သူက ကုန်သည်၊ ဝယ်နိုင် ခြမ်းနိုင် ဖြတ်နိုင် တောက်နိုင်တယ်။ စီးပွားလည်း ပြေလည်တယ်။ ဘခိုင်အမေနီနီကလည်း ကျောက်ဝိုင်းဆင်းနိုင်တယ်။ အရက်ကြောင့် အသည်းခြောက်ပြီး ဘခိုင်အဖေ သေပေမယ့် ဘခိုင်တို့က သိပ်အခြေအနေမပျက်ဘူး။ အဘိုးတွေအဘွားတွေလည်း ရှိတယ်။ အသိုင်းအဝိုင်းလည်းတောင့်တယ်ဆိုတော့ ဘခိုင်မှာ မုန့်ဖိုးပေးမယ့်သူ မရှားဘူး။

mgyoe.com

mgyoe.com


အောင်တင့်အဖေကတော့ ခေတ်ပေါ်ရောဂါနဲ့ ဆုံးရှာတာ။ အောင်တင့်အဖေဆုံးတော့ သူ့အဖေထက် တစ်ရပ်ကွက်လုံးက သနားစရာ ကျန်ခဲ့ရှာတဲ့ မုဆိုးမ ကလေး ချိုဝင်းကို စုတ်တသပ်သပ်နဲ့။ ချိုဝင်းကလည်း ချိုဝင်းပဲ။ အပျိုတုန်းက မှုန်နေအောင်လည်း လှ၊ ကွမ်းတောင်ကိုင်ဆိုတဲ့ရုပ်ကိုမှ မထောက်၊ အဖေတွေ အမေတွေ တစ်မျိုးလုံး ဝိုင်းဖျက်နေတဲ့ကြားက ဆေးသမားနောက် လိုက်ပြေးတာ။ ငယ်ငယ်ရွယ်ရွယ်၊ လှလှပပလေးနဲ့ မုဆိုးမပေမယ့် အပျိုရှုံးတယ်ဆိုပြီး နာမည်ကြီးနေတယ်။ နီနီနဲ့ နှစ်ယောက် ပေါင်းမိကြပြီး ကျောက်ဝိုင်းထဲမှာ အခန်းတစ်ခန်းဝယ်လို့ စီဒီအိုကေဆိုင် ဖွင့်မယ်ဆိုပြီး သတင်းတွေ ထွက်နေတယ်။ သေသောသူကြာရင်မေ့ မဟုတ်လား။ သူတို့နှစ်ယောက်ကတော့ ပြုံးပြုံးရွှင်ရွှင်၊ ရယ်ရယ်မောမော အလှတွေပြင်ပြီး ဆိုင်ကယ်တစ်စီးနဲ့ ဝင်ထွက်သွားလာနေကြတာပါပဲ။

ဒီလိုနဲ့ ဝါလကင်းလွတ် သီတင်းကျွတ်အပြီး တန်ဆောင်မုန်းလစမှာ သူတို့အရပ် ဘုရားပွဲရက်ကို ရောက်လာတယ်။ ဒီနှစ်တော့ ခါတိုင်းလို ဇာတ်ပွဲခင်းကို အရပ်အလယ်မှာ မလုပ်တော့ဘဲ အသစ်ဖောက်လိုက်တဲ့ ကန်ပတ်လမ်းဘေး ကွင်းကျယ်ကြီးမှာထွက်ပြီး လုပ်ဖြစ်ကြတယ်။ ပွဲက ရွှေမန္တလာဇာတ်ပွဲတဲ့။ ပွဲဝင်တော့မယ်ဆိုပြီး ပွဲဈေးသည်တွေ ရောက်နေကတည်းက အရပ်ထဲက ကလေးတွေက ပျော်လှပြီ၊ မီးရောင် တထိန်ထိန်ဆိုင်းသံတခြိမ့်ခြိမ့်နဲ့ ပွဲကြီးညက ဘယ်လိုရောက်လာမှန်းမသိဘူး။ ကတ္တီပါကားလိပ်တလွင့်လွင့်နဲ့ ဇာတ်စင်၊ မိုးထိအောင် မြင့်တယ်လို့ ထင်ရတဲ့ ရဟတ်ကြီးတွေက ဖေရွှေးတို့ကလေးတွေကိုဖမ်းစားနေကြတယ်။ နေ့လယ်ကတည်းက အဝတ်အစားအသစ်တွေလဲပြီး တလှုပ်လှုပ်၊ တရွရွ သွားလိုက်ကြတာ၊ မိုးပျံပူဖောင်းတွေဆွဲပြီး တလွင့်လွင့်နဲ့ပေါ့။ ဖေရွှေးကတော့ အမေကျောင်းမုန့်ဖိုးပေးလိုက်တဲ့ နှစ်ဆယ်တန်ကလေးကို မုန့်မစားဘဲ အိတ်ထဲမှာ ကပ်ထားတယ်။ ဒါပေမယ့် ပွဲဈေးသုံးဖို့ လောက်မှာ မဟုတ်ဘူးလေဆိုပြီး ငိုင်တိုင်တိုင်ဖြစ်နေတုန်း အောင်တင့်နဲ့ ဘခိုင်က သူတို့အိတ်ထဲမှာ ပါတဲ့ ပိုက်ဆံ အထပ်လိုက်ကိုပြပြီး ဆွဲခေါ်သွားကြတယ်။

သူတို့ ညနေစာလည်း မစားကြဘူး။ ပွဲဈေးတန်းကို ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်၊ တဝါးဝါး ရယ်လိုက်၊ လေသေနတ်နဲ့ အချိုရည်ဘူးရအောင် ပစ်လိုက်၊ မုန့်ဝယ်စားလိုက်နဲ့ ပျော်လိုက်ကြတာ။

'ဟေ့ကောင်တွေ၊ ရဟတ် သွားစီးရအောင်ကွာ' လို့ အောင်တင့်က ပြောတော့ ဖေရွှေးက ငေးသွားတယ်။

'ရဟတ်က တစ်ရာတောင်ကွ'

'ကလေးဆို ငါးဆယ်ပါကွာ၊ ငါ ပေးပါ့မယ်'

သူတို့ ရဟတ်နားရောက်တော့ ရဟတ် တစ်ပတ်နားပြီး လူတွေ အများကြီး ဆင်းလာကြတယ်။ လူအုပ်ထဲကနေ 'ဟင် . . . သားပါလား'ဆိုတဲ့ ဘခိုင်ရဲ့ အမေနီနီ့အသံကို ကြားရတယ်။ သူတို့ ကြည့်လိုက်တော့ ပြုံးရွှင်နေတဲ့ နီနီကို ရှိုးကျကျ ဘောင်းဘီရှည် ဝတ်ထားတဲ့ အမျိုးသားတစ်ယောက်နဲ့အတူ တွေ့ရတယ်။ နီနီက ပါးစပ် အဟောင်းသားဟအောင် အံ့သြနေတဲ့ ဘခိုင်ရဲ့ လက်ကိုဆွဲပြီး 'အစ်ကိုကြီး ဒါ နီနီ့သားလေ၊ ဘခိုင်တဲ့' လို့ မိတ်ဆက်ပေးတယ်။ ဟိုလူက 'နီနီ့သားက ချောသားပဲ။ ဘယ်နှတန်း ရောက်ပြီလဲကွ'လို့ တရင်းတနှီး မေးတာကို မျက်နှာပျက်နေတဲ့ ဘခိုင်က ပြန်မဖြေဘူး။ နီနီက တခစ်ခစ်ရယ်ပြီး 'သုံးတန်းရောက်ပြီ အစ်ကိုကြီးရဲ့၊ ဒီလိုလုပ်ပါလား၊ သားလေ လာ၊ မေမေတို့နဲ့ လိုက်ခဲ့' ဆိုပြီး ဘခိုင်လက်ကို မလွှတ်ဘဲ ဆွဲခေါ်သွားတော့တယ်။ ဟိုလူက ရှေ့က ထွက်သွားတယ်။ ဘခိုင်ခမျာ ငိုမဲ့ငိုမဲ့နဲ့ သူငယ်ချင်းတွေကို လှည့်ကြည့် လှည့်ကြည့်၊ သူ့အမေကို ဘာမှ မပြောရဲဘဲ တွန့်ဆုတ်တွန့်ဆုတ်နဲ့ ပါသွားရှာတယ်။

အောင်တင့်နဲ့ ဖေရွှေးလည်း စိတ်မပါ လက်မပါနဲ့ ရဟတ်စီးကြတယ်။ ရဟတ်ပေါ်က ပြန်ဆင်းလာတဲ့အချိန်မှာ အရပ်ထဲက ငါးတန်းခြောက်တန်းသားကလေးကြီးတွေ သီဟတို့၊ မြတ်မင်းတို့၊ ကျော်သူဆွေတို့၊ အားကွေ့တို့ တစ်အုပ်ကြီးနဲ့ အဆုံမှာ . . .

'ဟာ . . . အောင်တင့်ပါလား၊ မင်းအမေကို တွေ့လိုက်တယ်ကွ'

mgyoe.com

mgyoe.com

'အေးကွ၊ ဆိုင်ကယ်နဲ့၊ ယောကျ်ားတစ်ယောက်နဲ့'

'ပွဲဈေးတန်းအစွန်မှာ ဆိုင်ကယ်ထွက်တော့မယ်ကွ'

'ဟင်'ခနဲ ဖြစ်သွားတဲ့ အောင်တင့်ဟာ နောက်ကြောင်း ပြန်လှည့်ပြီး ပွဲဈေးတန်း အစွန် အိမ်သာတွေဘက် ကမူးရှူးထိုး ထွက်သွားတယ်။ အောင်တင့်၊ အောင်တင့်ဆိုပြီး ဖေဌေးမှာ ခပ်သုတ်သုတ် နောက်က လိုက်ရတယ်။ လူတွေကို အတင်းတွန်းထိုးပြီး လျှောက်လာတဲ့ အောင်တင့် ပွဲဈေးတန်းအစွန် မှောင်ရိပ်ကို ရောက်တော့ ဆိုင်ကယ်တစ်စီးဟာ ထွက်စပြုနေတာ တွေ့ရတယ်။ ဆိုင်ကယ်နောက်ထိုင်ခုံပေါ်မှာ မိန်းမတစ်ယောက်ကို ခပ်မှောင်မှောင်၊ အလင်းရောင် ခပ်ဝါးဝါး အောက်မှာ မသဲမကွဲ တွေ့ရတယ်။ အောင်တင့်ဟာ

'အမေ'လို့ အကျယ်ကြီး ငိုသံပါကြီးနဲ့ အော်ခေါ်လိုက်တယ်။ ဆိုင်ကယ်က တဖြည်းဖြည်း ထွက်စပြုနေပြီ။ အောင်တင့် ဆိုင်ကယ်နောက်ကို ပြေးလိုက်လို့ ဖေဌေးလည်း သူ့နောက်က ပြေးလိုက်ရတယ်။ မြေမညီမညာလမ်းပေါ်မှာ ဆိုင်ကယ်က ခုန်ပေါက်သွားနေလို့ နောက်မီးနီနီလေးနဲ့ အောင်တင့် မီမလို မီမလိုနဲ့ ဝေးဝေးသွားတယ်။ အောင်တင့်ဟာ သူစီးထားတဲ့ ဖိနပ်ကလေးကို ကုန်းချွတ်လိုက်ပြီး လက်ကလေးနဲ့ကိုင်လို့ ဒုန်းပြေး ပြန်တယ်။ သူ ဒုန်းပြေးတော့ ဖေဌေးလည်း ဒုန်းပြေးရတော့တာပေါ့။ အောင်တင့်တော့ မသိဘူး။ ဖေဌေးတော့ တအားမောနေပြီ။ အဲဒီလိုနေတုန်း ဆိုင်ကယ်ဟာ လမ်းကြားကနေ လမ်းကောင်းပေါ် ရောက်သွားပြီး အရှိန်တင်မောင်းလို့ နောက်မီး နီနီလေးဟာ တဖြည်းဖြည်း ဝေးဝေးသွားတော့တယ်။ ဆိုင်ကယ်ပေါ်က မိန်းမကတော့ ထူးလည်းမထူး၊ လှည့်လည်း မကြည့်ဘူး။ ဆိုင်ကယ်လေး တဖြည်းဖြည်းဝေးပြီး မီးနီလေး ပျောက်သလောက်ဖြစ်သွားတော့မှ အောင်တင့်ဟာ တဖြည်းဖြည်း အရှိန်သတ်ပြီး ရပ်လိုက်တယ်။ တဟောဟော၊ တဟဲဟဲ မောလို့ ရင်ဘတ်လေးလည်း နိမ့်မြင့်ခုန်လို့ ဖေဌေးလည်း မောပြီး ချွေးတွေတောင် ပျံနေတယ်။ တွေတွေကြီးရပ်နေတဲ့ အောင်တင့်ကို ဖေဌေးက 'အောင်တင့်ရာ . . . ဆိုင်ကယ်ပေါ်က မိန်းမဟာ မင်းအမေ ဟုတ်ချင်မှ ဟုတ်မှာပေါ့ကွ၊ ဟိုကောင်တွေ မှားလားမသိ၊ ပွဲဈေးတန်းဘက်မှာများ ရှိမလား'လို့ မောမောနဲ့ ပြောမိကာရှိသေး အောင်တင့်က 'အေး' ဆိုပြီး ပွဲဈေးတန်းဘက်ကို ပြန်ပြေးသွားတယ်။ 'ဟောဗျာ'ဆိုပြီး ဖေဌေးမှာ ပြန်ပြေးလိုက်ခဲ့ရပြန်ရော။

ပွဲဈေးတန်းအစွန်ကနေ လူတွေ စည်နေတဲ့ပွဲခင်းထဲကို ဘယ်လို ပြန်ရောက်လာမှန်းမသိဘူး။ တပျော်တပါး သွားနေကြတဲ့ လူအုပ်ကြီးကို အတင်းတိုးပြီး အောင်တင့်ဟာ သူ့အမေကို ရှာတော့တယ်။ မျက်နှာကြီး နီရဲပြီး မျက်ရည်တွေလည်နေတဲ့ အောင်တင့်ကို ဖေဌေးလည်း ဘယ်လိုပြောရမှန်း မသိဘူး။ အောင်တင့်ကတော့ ဖေနဲ့ ပွဲဈေးတန်းကို အပတ်ပေါင်းများစွာ ပတ်နေတယ်။ မုန့်ဆိုင်တွေဘက်၊ ဇာတ်ခုံဘက်တွေ လိုက်ရှာ၊ ရဟတ်ဘက်လည်း ခဏခဏ၊ သူ့အမေကလည်း ဘယ်မှာမှ ရှာမတွေ့ဘူး။

တဖြည်းဖြည်းနဲ့ ညနက်လာတယ်။ ပွဲဈေးတန်းက လူတွေလည်း ပွဲခင်းထဲ ရောက်ကုန်ကြလို့ လူကျဲပါးလာတယ်။ ဖေဌေးမှာ ညောင်းလည်း ညောင်းလှပြီ၊ ထမင်းလည်း ဆာလှပြီ။ မျက်နှာထား တင်းတင်း မျက်ရည်လည်လည်နဲ့ လျှောက်နေတဲ့ အောင်တင့်ကို သနားလွန်းလို့သာ အဖော်လိုက်ပေးနေရတာ။ ဆောင်းဦးညလေအေးအေးလေးတစ်ချက် သုတ်ခနဲ တိုက်လိုက်တော့ ဖေဌေးမှာ စိမ့်ခနဲ ချမ်းသွားတယ်။ အောင်တင့်လက်ကို ဆွဲပြီး 'အောင်တင့် လာပါကွာ၊ ပြန်ကြပါစို့'လို့ ခေါ်တော့ အောင်တင့် ဒီတစ်ခါတော့ အင်တင်တင်နဲ့ ပြန်လိုက်လာတယ်။ ပွဲခင်းကနေ ရပ်ကွက်ထဲကို ဝင်ခဲ့ကြတယ်။ လမ်းမှာ လူတော်တော်ပြတ်နေပြီ။ ညကလည်း တော်တော် နက်နေပြီ။ အောင်တင့်တို့ တိုက်ရှေ့က ခုံကလေးပေါ်ရောက်တော့ နှစ်ယောက်သား ခြေပစ်လက်ပစ် ထိုင်ကျသွားလိုက်တာ၊ အမလေး . . . ခုမှ ဖေဌေး တအားညောင်းနေတာ သိရတော့တယ်။ တိုက်အပေါ်ထပ် ဝရန်တာက 'ဘယ်သူလဲ အောင်တင့်လား၊ အိမ်ဆော

ဝင်လေ'ဆိုတဲ့ အောင်တင့်ကြီးကြီးအသံ ကြားရတယ်။ အောင်တင့်က 'အမေ လာပြီလား' လို့ အော်မေးတယ်။ ပြန်ဖြေသံ မကြားရဘူး။ အောင်တင့်ဆီက တောက်ခေါက်သံတစ်ချက် ကြားရတယ်။ ဖေဌွေးက မလှမ်းမကမ်းက သူတို့အိပ်ခန်းလေးကိုလှမ်းကြည့်ရင်း . . .

'အောင်တင့် . . . ငါ ပြန်တော့မယ်၊ အိမ်ထဲဝင်လေကွာ'

'မဝင်ဘူး'လို့ ခပ်ဆတ်ဆတ်ဖြေလိုက်တဲ့ အောင်တင့်အသံက အရမ်းကို တင်းမာနေတယ်။ ဖေဌွေးလည်း ဘာမှ မတတ်နိုင်လို့ ကုပ်ကုပ်ကလေး အိမ်ဘက်ပြန်ခဲ့တယ်။ အောင်တင့်ကတော့ လေတိုက်တိုက်၊ ခြင်ကိုက်ကိုက် မှောင်မည်းမည်းလမ်းပေါ်မှာ ကျောက်ရုပ်လေးတစ်ရုပ်လို ကျန်ခဲ့ပြီ။

ဖေဌွေး အိမ်ပေါက်ဝရောက်တော့ တံခါးလေးက ခပ်ဟဟလေး စိထားတယ်။ အသံမပြည်အောင် ဆွဲဖွင့်ပြီး ကန့်လန့်ထိုးထားတယ်။ အခန်းလေးထဲမှာ ဖယောင်းတိုင် မီးရောင်လေး ထင်နေတယ်။ ဖေဌွေးတို့သားအမိသုံးယောက်အိပ်တဲ့ ခြင်ထောင်ကလေးက ချထားပြီး ကွပ်ပျစ်လေးပေါ်မှာ ငြိမ်သက်နေတယ်။ ဖေဌွေး ခြေဖျားထောက် လျှောက်သွားပြီး ခြင်ထောင်ကို အသာလှန်လိုက်တယ်။ 'ဟယ်'အသံထွက်သွားအောင် ဖေဌွေး ကိုယ့်မျက်စိကိုယ် မယုံနိုင်ဘူး။ တအံ့တသြ စိုက်ကြည့်နေတယ်။ ခြင်ထောင်ထဲမှာ ညီမလေးတစ်ယောက်တည်း ကွေးကွေးလေး အိပ်နေတယ်။ အမေ မရှိဘူး။ ဖေဌွေးရယ် ငိုမဲ့ငိုမဲ့နဲ့ တလှိုက်လှိုက်ဖြစ်လာတယ်။ ခြင်ထောင်ကို ကမန်းကတန်း လွှတ်ချပြီး အိမ်ပေါက်ဝကို ကမူးရှူးထိုးလျှောက်သွားပြီး တံခါးကို အတင်းဖွင့်တယ်။ အသည်းနှလုံးထဲမှာလည်း မွန်းကျပ်ပေါက်ကွဲထွက်တော့မလိုဘဲ။ တံခါးကို အတင်းတွန်းဖွင့်ပြီး ထွက်တော့မယ့်အချိန်မှာ သူစဉ်းစားမိတာက 'အမေများ သူတို့လို . . .'

'ဟဲ့ ကောင်လေး' လို့ ခေါ်လိုက်တဲ့ အမေ့အသံကို ရုတ်တရက် ကြားလိုက်ရတယ်။ ဖေဌွေး အလန့်တကြားလှည့်ကြည့်မိတော့ နောက်ဖေး အိမ်သာဘက်ထွက်တဲ့ အပေါက်ဝမှာ အမေက ရပ်နေတယ်။ ဖေဌွေး ဟီးခနဲ အားရပါးရတစ်ချက်ရယ်ပြီး 'အမေ့' လို့ အကျယ်ကြီး အော်ခေါ်လိုက်မိတယ်။ အခန်းပေါက်ဝကနေ အမေ့ဆီကို နှစ်လှမ်းလောက်နဲ့ လွှားခနဲ ခုန်ပေါက်ပြေးသွားပြီး အမေ့ပေါ်ကို ခုန်တက်လိုက်တယ်။ 'ဟဲ့' ဆိုပြီး အမေက ဖေဌွေးကို ဖမ်းထိန်းလိုက်လို့သာပေါ့။ နို့မို့ရင် နှစ်ယောက်လုံး လဲကျသွားမှာ သေချာတယ်။ ဖေဌွေး အမေ့ကို လည်ပင်းအတင်းဖက်ပြီး တဟီးဟီးနဲ့ရယ်ပြီး အတင်း အူမြူးနေတယ်။ အမေက 'ညနက်ကြီးထိ ပွဲဈေးတန်းလည်နေလို့ အရိုက်မခံရအောင် ကပ်ချွဲနေတာ' လို့ ပြောရင်း ဖေဌွေးကို ကွပ်ပျစ်ပေါ်မှာ ချလိုက်တယ်။ အရှိန်မသေသေးတဲ့ ဖေဌွေးက တခစ်ခစ်ရယ်ရင်း 'မဟုတ်ပါဘူးဆိုဗျာ၊ အမေကလည်း' လို့ ပြောတယ်။ ဒီထက်လည်းပိုပြီး သူ အမေ့ကို ရှင်းမပြတတ်ဘူးလေ။ အဲဒီလိုနေတုန်း ညီမလေးက တအင်းအင်းနိုးလာလို့ အမေကလှဲပြီး နို့တိုက်နေတယ်။ ဖေဌွေး ခြင်ထောင်ထဲကို ကုန်းဝင်လိုက်တယ်။ ခေါင်းအုံးပေါ်ကို လှဲမချမိသေးဘဲ ညီမလေးကို သိပ်နေတဲ့ အမေ့ကို နောက်ကျောကနေ ကြည့်ရင်း နွေးထွေးလုံခြုံမှုတွေက သူ့ရင်ထဲကို တစိမ့်စိမ့်တိုးဝင်လာတာ သူ ခံစားသိနေရတယ်။ ဘုရားကို ပေါက်ဆိန်ပေါက် ဦးသုံးကြိမ်ချရင်း သူ အလိုချင် အတောင့်တဆုံးတစ်ခုကို တိတ်တိတ်ကလေး အသံမထွက်ဘဲ တောင်းနေမိပါတော့တယ်။

'အမေ ဘယ်မှ မသွားဘဲ ဒီခြင်ထောင်ကလေးထဲမှာပဲ သားသားတို့၊ ညီမလေးတို့နဲ့ အမြဲတမ်း အတူတူရှိနေပါစေ ဘုရား'


ရွှေအမြုတေ၊ (ဖေဖော်ဝါရီ၊ ၂၀၀၆)

mgyoe.com

mgyoe.com

# ဆေးရုံ

မြင့်သန်း



ဆေးရုံကိုလာတဲ့လူတွေမှာ အကြောင်းရှိတယ်။

အနည်းဆုံး တစ်ခုတော့ ရှိကြတာချည်းပဲ။ အပျင်းပြေ ဘယ်သူမှ မလာဘူး။ ဆရာဝန်တွေက ကုသပေးဖို့ လာတယ်။ လူမမာက ကုသခံဖို့လာတယ်။ သူနာပြုတွေက ကုသမှုကို အထောက်အကူပြုဖို့။ သူတို့နိုင်တာလုပ်ပေးဖို့။ သန့်ရှင်းရေး အလုပ်သမားက သန့်ရှင်းပေးဖို့။ ကျန်းမာနေတဲ့ လူတစ်ယောက် ဆေးရုံထဲဝင်လာရင်တောင် သူ့မှာ လူမမာမေးစရာအကြောင်း ရှိတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့၊ စာမဖတ်တတ်လို့၊ ဆေးရုံလို့ ရေးထားတာကို မသိလို့၊ မှားပြီးဝင်လာတဲ့ လူပဲ ဖြစ်မယ်။ ကျွန်တော်လည်း အကြောင်းရှိလို့ ဆေးရုံထဲလာတာ။ စိတ်ဝေဒနာ အထူးကုဆရာဝန်ကြီးနဲ့ တွေ့ကြည့်ရင်ကောင်းမယ်လို့၊ ကျွန်တော့်ဆရာဝန်က ညွှန်းလိုက်လို့လာတာ။ မနက်ကိုးနာရီလာပါလို့ ဆေးရုံက ချိန်းလိုက်လို့လာတာ။ အရင်က ဒီဆေးရုံ တစ်ခါမှ မရောက်ဖူးဘူး။ မရောက်ဖူးဘူးဆိုတာက ကျွန်တော်နဲ့မှ မဆိုင်ပဲကိုး။ အိပ်မပျော်တာကလွဲလို့ ကျွန်တော့်မှာ ဘာပြဿနာမှ မရှိဘူး။ ပြဿနာမရှိဘူးဆိုပေမယ့် ဝမ်းနာခေါင်းကိုက်လောက်တော့ ရှိတာပေါ့လေ။ ကျွန်တော် အိပ်မပျော်တာတွေကို ကုသပေးနေတဲ့ ဆရာဝန်ကြီးက ခင်ဗျား မအိပ်တာတွေ များလာပြီ။ သိပ်ဆိုးလာရင် မသိမသာ ဦးနှောက်ကို ထိခိုက်နိုင်တယ်။ ဒီတော့ စိတ်ပညာအထူးကုဆရာဝန်ကြီးနဲ့ တစ်ချက်လောက် သွားတွေ့ကြည့်စမ်းပါလို့ဆိုတယ်။ ကျွန်တော့် ဆရာဝန်နဲ့ ကျွန်တော်နဲ့က ရင်းနေပြီးသား။ ဒီတော့ ကျွန်တော်က နောက်သလို ပြောင်သလိုနဲ့ ပြန်ပြောလိုက်မိတယ်။ ရူးဖို့နီးလာပြီလို့ ခင်ဗျားပြောချင်တာ မဟုတ်ဘူးလား။ ဒီတော့သူက မဟုတ်ပါဘူး။ မအိပ်တာကြာလာရင် လူတွေဟာ တစ်မျိုး ဖြစ်လာတတ်တယ်။ စိတ်ရောဂါ အထူးကု ဆရာဝန်ကြီးအနေနဲ့ ခင်ဗျားအနေအထား စမ်းသပ်ကြည့်ရင် စိတ်ငြိမ်ဆေးလေး ဘာလေး . . . ။ မဟုတ်ရင်လည်း အကြံဉာဏ်ကလေး ပေးနိုင်တယ်။ အဲဒီအတွက်ကြောင့်ပါ။ ခင်ဗျားကို ရူးတယ်လို့ ကျွန်တော် မပြောပါဘူးလို့ ပြောတယ်။ ပြီးတော့ အင်း . . . ။ လူဆိုတာကလည်း တစ်မျိုးစီတော့ ရူးသွပ်မှု ရှိနေတတ်တာပဲလို့ ပြောပြန်တယ်။

ဆေးရုံကို မရောက်ဖူးတော့ တွေ့တဲ့အပေါက်ကပဲ ဝင်လာမိတယ်။ ကျွန်တော်ရောက်နေတာ အတော်စောနေတယ်။ ကောင်တာမှာသွားပြီး ကျွန်တော်တွေ့ရမယ့် ဆရာဝန်ကြီးနာမည် ပြောတော့ စာရေးမလေးက

mgyoe.com

mgyoe.com


စောင့်ပါဦး၊ စောပါသေးတယ်လို့ ပြောတယ်။ ဆရာဝန်ကြီးက တတိယထပ်မှာ ထိုင်သတဲ့။ ဒီနေရာကတော့ အရေးပေါ် လူနာတွေအတွက်တဲ့။ ဒီတော့ ကျွန်တော်က ဟိုမှာထိုင်နေတဲ့ လူနာတွေက ဘာတွေလဲလို့မေးတော့ သူကပြုံးပြီး သိပ်အရေးမပေါ်သေးတဲ့ လူနာတွေလို့ ပြောတယ်။ ကျွန်တော် နားလည်ပုံမပေါ်တော့ သူက ထပ်ရှင်းပြတယ်။ လောလောဆယ် မသေလောက်သေးတဲ့ လူနာတွေတဲ့။ အရေးပေါ်လူနာဆိုတာက ချက်ချင်းသေသွားနိုင်သတဲ့။ သူက ထပ်ပြုံးပြတယ်။ သူ့သွားကလေးတွေက ဖွေးနေတာပဲ။ သူ့သွားဖွေးဖွေးလေးတွေကို ကြည့်ရင်း ငါကတော့ ချက်ချင်းသေနိုင်တဲ့စာရင်းထဲ ပါပုံမပေါ်ဘူးလို့ တွေးလိုက်မိတယ်။ အဲဒီတုန်းမှာပဲ လူနာတင်ကား ဝင်လာတယ်။ ကားပေါ်က ပက်လက်ကလေး သတိရပုံ မပေါ်ဘဲ သွေးတရွှဲရွှဲဖြစ်နေတဲ့ လူတစ်ယောက်ကို တွန်းထုတ်လာတယ်။ တွန်းလာတဲ့ လူနာနှစ်ယောက်အထဲက တစ်ယောက်က ကောင်တာကို လှမ်းကြည့်ရင်း မီးရထားလမ်းကူးမှာ ကားကို ရထားက ဝင်တိုးလို့လို့ အော်ပြောလိုက်တယ်။ ခုထိတော့ အသက်ရှင်နေသေးတယ်လို့ပြောပြီး အထဲဘက်က အခန်းတစ်ခုထဲကို တွန်းဝင်သွားကြတယ်။ ကောင်တာက စာရေးမကလေးကတော့ သိပ်ထူးဆန်းပုံ မပေါ်ဘူး။ ထိုင်နေတဲ့ လူနာတချို့ကတော့ လူနာတင်ကား ဝင်လာတုန်းက ကျီးကြည့် ကြောင်ကြည့်နဲ့ ထကြည့်ကြတယ်။ အသက်ကြီးကြီး မိန်းမတချို့ကတော့ ဘုရား၊ ဘုရား... လို့ အော်ရင်း ဘုရားတကြတယ်။ လူနာကို အခန်းထဲ တွန်းသွားပြီး သူတို့ မျက်စိအောက်က ပျောက်သွားတော့မှ သူတို့ထိုင်တဲ့ခုံမှာ ပြန်ထိုင်လိုက်ကြတယ်။ သူတို့စိတ်ထဲမှာလည်း ငါတို့ကတော့ သူ့လောက်မဆိုးကြသေးဘူး လို့ တွေးမိကြပုံရတယ်။

ကောင်တာနောက်ဘက်ဆီကို အသက်ကြီးကြီး သူနာပြုဆရာမကြီးတစ်ယောက် ဝင်လာတယ်။ လက်ထဲမှာ လူနာမှတ်တမ်းတွေ ထင်တယ်။ ကတ်ပြားတွေ၊ ဖိုင်တွဲတွေနဲ့။ စာရေးမလေး ဘေးနားဆီမှာ ချလိုက်ရင်း၊ ငါပြန်တော့မယ်။ ဟိုဟာမ နည်းနည်းနောက်ကျမယ် ပြောတယ်။ ခုမနက် လူနာပါးတယ်လို့ ပြောပြီး ကျွန်တော့်ကို လှမ်းကြည့်တယ်။ ပြုံးပြရင်း စာရေးမလေးကို နင့်အဆက်လားလို့ ပြောင်ပြောင်ကြီး မေးတယ်။ ကျွန်တော့်ကို လှည့်ကြည့်ရင်း စတာနော်။ ကျွန်မ တစ်ညလုံး အလုပ်များနေတာ အခုမှ ရယ်စရာကလေး ပြောနိုင်တော့တယ်လို့ ကျွန်တော့်ကို ပြောလိုက်တယ်။ စာရေးမလေးက ဆရာကြီးကို လာတွေ့တာလို့ ပြောရင်း လက်ညှိုးသုံးချောင်း ထောင်ပြပြီး အပေါ်ကို မော့ကြည့်လိုက်တယ်။ ဒီတော့မှ သူနာပြု ဆရာမကြီးက ကျွန်တော့်ကို ပြုံးပြီး ကြည့်ရင်း နေလို့ကောင်းရဲ့လားလို့ မေးတယ်။ သူ့အပြုံးထဲမှာ ဘာပါတယ်ဆိုတာ ကျွန်တော်ရိပ်မိတယ်။ ကျွန်တော် ရူးနေလို့ သူ့ကိုလာတွေ့တာ မဟုတ်ပါဘူး။ အိပ်မပျော်လို့ သူ့ဆီက အကြံဉာဏ်ယူဖို့ လာတာပါလို့ ပြောလိုက်တယ်။ သူနာပြုဆရာမကြီးက အားနာသွားပုံရတယ်။ ကျွန်မ အဲသလိုသဘောနဲ့ ပြောတာ မဟုတ်ပါဘူးတဲ့။ ပြီးတော့ သူက မေးတယ်။ မအိပ်တာ ဘယ်လောက်ကြာသွားပြီလဲတဲ့။ ကျွန်တော့်အထင်တော့ မွေးရာပါလို့ပဲ ထင်တယ်လို့ ပြောလိုက်တယ်။ အဲဒီတုန်းမှာပဲ လူနာလာပို့တဲ့ လူမမာတင်ကားက သူနာပြုနှစ်ယောက် ထွက်လာတယ်။ တစ်ယောက်က ကောင်တာဆီလာပြီး သူ့လက်ထဲက စာရွက်တချို့ကို စာရေးမကလေးကိုပေးပြီး တချို့ကို လက်မှတ်ထိုးခိုင်းတယ်။ ပါးစပ်ကလည်း ပြောသေးတယ်။ လူတွေများ အသုံးကို မကျဘူး။ ဒီလောက်ကြီးတဲ့ကား၊ ဒီလောက်ကြီးတဲ့ရထား ဒီနေရာမှာ လာဆုံပြီး တိုက်မိကြရတယ်လို့ ပြောပြီး စကားကို အဆုံးမသတ်ဘူး။ ကျွန်တော့်ကို လှမ်းကြည့်လိုက်တယ်။ လူတွေ ရူးကုန်ကြပြီထင်တယ်လို့ ပြောပြန်တယ်။ စာရေးမလေးက လက်မှတ်ထိုးပြီးတဲ့ စာရွက်တွေ သူ့ကိုပြန်ပေးရင်း သွားတော့၊ နင့်အလုပ်ပြီးပြီလို့ ပြောတယ်။ သူနာပြုက ဘာမှ မပြောဘူး။ ဘယ်သူ့မှလည်း နှုတ်မဆက်ဘူး။ စာရွက်တွေယူပြီး ဘောက်ဆတ် ဘောက်ဆတ်နဲ့ ထွက်သွားတယ်။

ငါလည်း ပြန်တော့မယ်လို့ သူနာပြုဆရာမကြီး

mgyoe.com

mgyoe.com


က စာရေးမကလေးကို ပြောတယ်။ ကျွန်တော့်ကိုလည်း သွားဦးမယ်နော်၊ ကျွန်မကတော့ အိမ်ရောက်တာနဲ့ ရေမိုးချိုးပြီး အိပ်တော့မှာ။ သုံးနာရီလောက်မှ နိုးမယ်လို့ ပြောပြီး သူ့ဘာသာ ဟဲဟဲလို့ ရယ်တယ်။ သူထွက်သွားမယ် လုပ်နေတုန်း ကျွန်တော့် နောက်နားဆီက ဟဲ့ နင်ပြီးပြီလားလို့ အသံကြားရတယ်။ သူနာပြုဆရာမကြီးက ဟုတ်ကဲ့လို့ ပြောတော့ ကျွန်တော်လည်း လှည့်ကြည့်လိုက်မိတယ်။ ကျွန်တော်နဲ့သိတဲ့ အရိုးကုဆရာဝန်ကြီး။ ကျွန်တော့်ကို တွေ့တော့ သူက အံ့ဩသွားပုံရတယ်။ ခင်ဗျား ဘယ်လာတာတုန်းလို့မေးရင်း လက်ဆွဲနှုတ်ဆက်တယ်။ ကျွန်တော်က မဖြေခင် စာရေးမကလေးကပဲ လက်ညှိုးသုံးချောင်း ထောင်ပြပြီး အပေါ်ကိုမော့ကြည့်ရင်း ဆရာကြီးကို လာတွေ့တာလို့ ဝင်ဖြေလိုက်တယ်။ အရိုးကုဆရာဝန်ကြီးကတော့ ကျောင်းနေဘက်မို့ ကျွန်တော့်အကြောင်းသိ။ အိပ်မပျော်တဲ့ကိစ္စပဲမဟုတ်လားလို့ မေးတယ်။ စာရေးမကလေးရဲ့ နောက်ဘက်က နံရံက နာရီကို လှမ်းကြည့်ရင်း စာရေးမကလေးကို ဟိုကောင် မလာသေးဘူးလားလို့ မေးတယ်။ သူက ဒီအချိန်လာခဲသားပဲလို့ စာရေးမလေးက ပြန်ဖြေတယ်။ အရိုးကုဆရာဝန်ကြီးက ကျွန်တော့်ကို ကြည့်ရင်း ဒီကောင်က နာရီမပတ်ဘူးဗျ။ ခင်ဗျားကို ဘယ်အချိန် ချိန်းထားသလဲလို့မေးတယ်။ ကိုးနာရီလို့ ဖြေတော့၊ အရိုးကုဆရာဝန်ကြီးက ပြောပြန်တယ်။ ဒီကောင်မှာ ပြက္ခဒိန်လည်းရှိပုံမပေါ်ဘူး။ ဒီနေ့ ကိုးနာရီဆိုတာကော သေချာရဲ့လားလို့ ဆိုတယ်။ ကျွန်တော်ကတော့ ပြန်မဖြေတော့ဘဲ ပြုံးနေလိုက်တယ်။ အရိုးကုဆရာဝန်ကြီးက ကျွန်တော့်အခန်းထဲက လာစောင့်ချင်စောင့်နေပါလားလို့ပြောတော့ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ဒီကပဲ သူနဲ့စကားပြောရင်း စောင့်ပါ့မယ်လို့ ဖြေလိုက်တယ်။ အရိုးကုဆရာဝန်ကြီးက ဘာမှမပြောတော့ဘဲ၊ စာရေးမကလေးပေးတဲ့ စာ ရွက်တစ်ထပ်ယူပြီး ကောင်တာရှေ့က ထွက်သွားတော့မယ်လို့ လုပ်လိုက်တယ်။ ပြီးမှ တစ်ခုခုကို သတိရသွားပုံပေါ်တယ်။ ဟို လူနာအဘိုးကြီး ကြည့်ရတာ သိပ်မဟန်ဘူး။ ဘယ်သူ့ကို စောင့်နေတာလဲလို့ ခပ်တိုးတိုး မေးလိုက်တယ်။

မမ လူနာတွေလို့ စာရေးမလေးကလည်း ခပ်တိုးတိုးပဲ ပြန်ဖြေတယ်။ ဘယ်မလဲ ဟိုဟာမလို့ အရိုးကုဆရာဝန်ကြီးက မေးတော့၊ မမက ဒီနေ့ဆယ်နာရီခွဲလောက်မှ ရောက်မယ်လို့ ပြောတယ်။ သူ့မြေး ကျောင်းအပ်ဖို့ ကျောင်းအုပ်ကြီးတစ်ယောက်နဲ့ ချိန်းထားတယ်ဆိုသလားပဲ ဖြေတယ်။ ဟဲ့ တစ်ခုခုတော့ လုပ်ဦးမှပေါ့။ အဘိုးကြီး ကြည့်ရတာ မဟန်ဘူးလို့ပြောရင်း အရိုးကုဆရာဝန်ကြီးက ဆေးပညာစကားလုံးတွေသုံးရင်း စာရေးမကလေးကို ပြောတယ်။ အဲဒါတော့ ဘာကိုဆိုလိုမှန်း ကျွန်တော်မသိဘူး။ စာရေးမကလေးကလည်း ဟုတ်တယ်၊ သူ့သားသမီးတွေက မမကလွဲရင် ဘယ်သူမှ သူတို့အဖေကို မကြည့်ရဘူးတဲ့လို့ ပြန်ပြောတယ်။ ဟိုကောင်ရောလို့ အရိုးကု ဆရာဝန်ကြီးက မေးပြန်တယ်။ ဆရာကြီး မြန်မြန်သွား။ သူနဲ့ တိုးနေဦးမယ်။ ဒေါသကုမ္ဘာရ ဒေါ်ထနေတယ်။ တစ်မေးမှ မမေးရတာ နှစ်ရက်လောက်ရှိပြီ အော်နေတယ်လို့ စာရေးမကလေးက ပြောနေတုန်း အတွင်းထဲကနေ ဂျူတီကုတ်ဝတ်ထားတဲ့ ဆရာဝန်တစ်ယောက် ထွက်လာတယ်။ သူ့အကျီက သွေးစတွေနဲ့။ အတော် ညစ်ပတ်ပေရေနေတယ်။ လက်ထဲမှာ လက်သုတ်ဝတ်လား၊ စက္ကူလက်သုတ်ပဝါလားမသိဘူး ကိုင်ထားရင်း လက်ကိုသုတ်နေပုံရတယ်။ လျှောက်လာရင်းနဲ့ မင်းက အဲဒီမှာ ဘာလုပ်နေတာလဲ။ ညက အရေးပေါ်ရောက်လာတဲ့ အထဲက နှစ်ယောက် မင်းဖို့ပါတယ်။ တိုက်ပေါ်က ပြုတ်ကျတဲ့ကောင်ကတော့ တည်းတည်းကလေးပဲ။ ငါ တတ်နိုင်သလောက်တော့ ငြိမ်အောင် ထိန်းထားတယ်လို့ပြောရင်း စာရေးမကလေးကို ဘယ်မှာလဲ ငါ့အတွက် ကော်ဖီလို့လည်းပြောရော စာရေးမကလေးလည်း ထိုင်ရာကထပြီး အတွင်းဘက်က အခန်းတစ်ခုထဲကို သုတ်ခြေတင်ပြေးပါလေရော။

အရိုးကုဆရာဝန်ကြီးက မင်းတစ်ယောက်တည်းလားလို့ မေးလိုက်တယ်။ ခုနက စာရေးမကလေး

mgyoe.com

mgyoe.com


ထိုင်နေတဲ့ ကုလားထိုင်မှာ ဝင်ထိုင်လိုက်ရင်း တစ်ယောက်က မီးဖွားခွင့်သွားတယ်။ တစ်ယောက်က လင်ယူပြီး ဟန်နီးမွန်းသွားတာ တစ်နေ့ကတည်းက ပြန်ရောက်ဖို့။ မရောက်သေးဘူး။ လေယာဉ်ပျံမရလို့တဲ့။ ထွီး၊ လေယာဉ်ပျံတွေဝီခေါ်အောင်ပေါနေတာ လေယာဉ်ပျံမရလို့ဆိုတာ ဟုတ်ပါ့မလား။ ဖိမ်ခံလို့ ကောင်းနေလို့ဖြစ်မှာပါ။ ရလီဗင် လာမယ့်ဟာမက ဒီနေ့နဲ့ မနေ့ကနဲ့ ရက်ချင်းမှားသွားလို့တဲ့။ ဒီနေ့မှ လာ မတဲ့လို့ သွေးစတွေပေနေတဲ့ ဂျူတီကုတ်ဝတ်ထားတဲ့ ဆရာဝန်က ပြန်ပြောတယ်။ အလုပ်သင်တွေ မရှိဘူးလားလို့ အရိုးကုဆရာဝန်ကြီးက မေးပြန်တယ်။ ရှိပါသော်ကောကွာ။ တစ်ခါတလေတော့လည်း သူတို့ ရှင်းပြနေရတာနဲ့ အလုပ်က သိပ်မတွင်ဘူး။ ဒါပေမဲ့ ညကတော့ သူတို့ တစ်တွေ ရှိပေလို့ပဲ။ သူတို့ကိုပဲ ကျေးဇူးတင်ရမှာလို့ ပြောရင်း ဂျူတီကုတ်ဝတ်ထားတဲ့ ဆရာဝန်က စာရေးမကလေး စားပွဲပေါ်က စာရွက်တစ်ရွက်ယူပြီး တစ်ခုခု ရေးနေတယ်။ စာရေးနေရင်း ကျွန်တော်တို့ကို မော့မကြည့်ဘဲ ညကဆို၊ ဓားထိုးခံရတဲ့လူ၊ တိုက်ပေါ်က ပြုတ်ကျတဲ့လူ၊ အိပ်ပျော်နေတုန်း အိမ်မီးလောင်တာ တောင်မနိုးလို့ မီးလောင်ခံရတဲ့လူ စုံနေတာပဲ။ ငါလည်း မနေ့ကတည်းက တစ်ရေးမှ မအိပ်ရသေးဘူး။ . . . သူပြောနေတုန်း စာရေးမကလေး ပြန်ရောက်လာပြီး မော့(ဂ)ခွက်နဲ့ ဖျော်ထားတဲ့ ကော်ဖီနှစ်ခွက် ယူလာတယ်။ ဂျူတီကုတ်ဝတ်ထားတဲ့ ဆရာဝန်ဘေးနားမှာ ချထားပေးလိုက်တယ်။ ဂျူတီကုတ်ဝတ်ထားတဲ့ ဆရာဝန်က စာရေးနေရင်း ကော်ဖီတစ်ခွက်ကို ဘယ်လက်နဲ့ ယူသောက်လိုက်တယ်။ အား . . . လို့ သူ့ပါးစပ်ထဲက ကျေနပ်သွားတဲ့အသံ။ အရသာရှိသွားပုံရတဲ့ အသံထွက်လာတယ်။ စာရေးမကလေးကို သူ ရေးထားတဲ့ စာရွက်ပေးလိုက်ရင်း၊ ဒါသွားရှာစမ်းလို့ ပြောတယ်။ ပြီးမှ ကျွန်တော်တို့ကို မော့ကြည့်လိုက်တယ်။

ငါ့မျက်လုံးတွေက မခံနိုင်တော့ဘူးလို့ သူက ပြောတယ်။ ရလီဗင်လာတာနဲ့ မင်းတစ်နာရီ နှစ်နာရီလောက် အိပ်လိုက်ဖို့ကောင်းတယ်လို့ အရိုးကုဆရာဝန်ကြီးက ပြောတယ်။ လူကတော့ ခံနိုင်ပါတယ်၊ မျက်လုံးတွေကသာ မခံနိုင်တော့တာ။ အသိထဲမှာက ငါမအိပ်ရသေးဘူးဆိုတာက ရှိနေတော့ ပင်ပန်းတာပေါ့လို့ ဂျူတီကုတ်နဲ့ ဆရာဝန်က ပြန်ပြောတယ်။ အရိုးကုဆရာဝန်ကြီးက ဟား အတော်ပဲ။ မင်း သူ့ဆီက အကူအညီယူပေတော့လို့ ပြောရင်း ကျွန်တော့်ကို လှမ်းကြည့်တယ်။ ဂျူတီကုတ်နဲ့ ဆရာဝန်က ခုမှ ကျွန်တော်ရှိနေတာကို သတိထားလိုက်မိပုံ ပေါ်တယ်။ ကော်ဖီခွက်ကို ဘယ်လက်ကကိုင်ရင်း မတ်တတ်ထရပ်လိုက်တယ်။ ကောင်တာပေါ် ကျော်ပြီး သူ့လက်ကို ကမ်းလိုက်တော့၊ ကျွန်တော်ကလည်း လက်ထိုးပေးလိုက်ရင်း နှုတ်ဆက်လိုက်တော့ သူက ခင်ဗျားက ဆရာဝန်လား။ ဆရာဝန်ဆိုရင်တော့ တစ်ယောက် နှစ်ယောက် ဝင်ကိုင်ပေးစမ်းပါဗျာလို့ ပြောတယ်။ ကျွန်တော်က ပြုံးရင်း ခေါင်းခါပြလိုက်မိတယ်။ သူက စာလုံး ဘာသာစကားတွေကို ကုသနေတာ။ မင်းတို့ ငါတို့လို လူတွေကို မကုဘူးလို့ အရိုးကုဆရာဝန်ကြီးက ရယ်ရင်း ဝင်ပြောတယ်။ ဂျူတီကုတ်နဲ့ ဆရာဝန်က ကံကောင်းတာပေါ့လို့ ပြောတော့၊ အရိုးကုဆရာဝန်ကြီးက မင်း မအိပ်ရသေးဘူးဆိုလို့ ပြောတာ။ သူက အိပ်မရတဲ့လူ၊ သူ့ဆီက အိပ်မရတဲ့နည်း တောင်းထားပါလားလို့ ရယ်ရင်း ပြောတယ်။ ဂျူတီကုတ်ဝတ်ထားတဲ့ ဆရာဝန်ကလည်း ရယ်တယ်။ ပြီးတော့မှ ဟိုကောင့်ကို လာတွေ့တာပဲပေါ့လို့ပြောပြီး သူ့လက်ထဲက ကော်ဖီကို ကုန်အောင် သောက်လိုက်တယ်။ ကုန်သွားတဲ့ခွက်ကို ချလိုက်ပြီး နောက်တစ်ခွက် ကောက်ကိုင်ပြီး နည်းနည်းမြည်းလိုက်တယ်။ ကျွန်တော် စဉ်းစားလို့မရတာ တစ်ခုရှိတယ်လို့ သူပြောပြီး ကော်ဖီတစ်ငုံ သောက်လိုက်ပြန်တယ်။ ဘာလဲလို့ အရိုးကုဆရာဝန်ကြီးက ပြန်မေးလိုက်တယ်။

ဂျူတီကုတ်နဲ့ ဆရာဝန်က မင်းလည်းသိသားပဲ ဒီကောင့်အကြောင်း။ သူလည်း အိပ်မှ မအိပ်ဘဲ။ မအိပ်တာကို နှစ်ကိုချင့်နေပြီ ထင်တယ်။ နာရီလည်း မပတ်ဘူး။ သတင်းစာလည်း မဖတ်ဘူး။ ဘယ်နေ့ဘယ်ရက်ဆိုတာလည်း ဂရုမစိုက်ဘူး။ ဟိုး တစ်ခါက မနက်

mgyoe.com

mgyoe.com



ခြောက်နာရီလောက် ဒီကို ရောက်လာတယ်။ ငါက မင်း ဘာလာလုပ်တာလဲလို့ မေးတော့ သူက အလုပ်လာတာလေတဲ့။ မစောလွန်းဘူးလားလို့ ငါက ပြောတော့ သူက စောတာ၊ နောက်ကျတာဟာ ဘဝမှာ အရေးကြီးသလားတဲ့၊ ငါလည်း ဘာမှပြန်မပြောတော့ဘူး။ တစ်ညကလည်း သူ့အခန်းရှေ့က ဖြတ်လျှောက်လာရင်း မီးရောင်တွေ့လို့ ဝင်ကြည့်လိုက်တော့ သူ့အခန်းထဲက ကြမ်းပြင်ပေါ်မှာထိုင်ပြီး တစ်ယောက်တည်း စကားရယ်ဘဲ ကစားနေတယ်။ ငါက မင်းအိမ်မပြန်ဘူးလားဆိုတော့ အိမ်ပြန်လည်း ဒီပြန်လာရဦးမှာပဲ တွေးမိလို့၊ ဒီမှာပဲ ထိုင်နေလိုက်တာတဲ့။ ငါအိမ်ပြန်မလို့ မင်းအိမ်ဝင်ပြီး ပို့ပေးခဲ့မယ်လို့ပြောပြီး၊ သူ့အိမ်ကို လိုက်ပို့လိုက်ရတယ်။ အဲဒီလို . . . လို့ ပြောတယ်။ သူက ကော်ဖီသောက်လိုက်ပြန်တယ်။ ကျွန်တော်နဲ့ အရိုးကုဆရာဝန်ကြီးက ဘာမျှ မပြောဘဲ စောင့်နေမိကြတယ်။ ကော်ဖီခွက်ကို ကောင်တာပေါ်တင်ရင်း ကျွန်တော့်ကို ကြည့်လိုက်တယ်။ ခင်ဗျားနဲ့ ခင်ဗျားလို လူတွေ၊ သူ့ကို ဘာလို့ လာတွေ့ကြတယ်ဆိုတာ ကျွန်တော် စဉ်းစားကြည့်လို့ မရဘူး။ ကျွန်တော့်မျက်စိထဲမှာတော့ ကုသခံဖို့ လာကြတာနဲ့ မတူဘူး။ လူမမာလာမေးတာနဲ့တောင် တူနေသေးတယ်။ တစ်ခုတော့ ရှိတယ်။ ခင်ဗျားလို အိပ်မရတဲ့လူတွေ၊ စိတ်လှုပ်ရှားနေတဲ့လူတွေ၊ ပူပန်စိတ်များတဲ့လူတွေနဲ့ စကားပြောဆိုပြီးရင် သူက အတော့်ကို လန်းဆန်းသွားတတ်တယ်။ အင်အား ပြန်ပြည့်သွားသလိုပဲလို့ ဂျူတီကုတ်နဲ့ ဆရာဝန်က ပြောပြန်တယ်။ ပြောပြီး သူ့ဘာသာ ခေါင်းခါနေတယ်။ အဲဒီတုန်းမှာပဲ ဒေါက်တာ၊ ဒေါက်တာဆိုပြီး စောင့်နေတဲ့ လူနာတွေဆီက အော်ခေါ်တဲ့အသံတွေ ထွက်လာတယ်။

ကျွန်တော်တို့အားလုံး လှမ်းကြည့်လိုက်တယ်။ ခုနက အရိုးကုဆရာဝန်ကြီးမေးတဲ့ အဘိုးကြီး မျက်ဖြူဆိုက်နေတယ်။ ကျွန်တော့်အနားက အရိုးကုဆရာဝန်ကြီးလည်း လက်ထဲက စာရွက်စာတမ်းတွေကို ကောင်တာပေါ်မှာချပြီး၊ အဲဒီကို ပြေးသွားတယ်။ ဂျူတီကုတ်ဝတ်ထားတဲ့ ဆရာဝန်က သူ့လက်ထဲက ကော်ဖီခွက်ကို ကောင်တာပေါ် တင်လိုက်တယ်။ ကောင်တာပေါ်ကပဲ ခုန်ကျော်ပြီး၊ အဲဒီကို ပြေးသွားတယ်။ ဆရာဝန်ဘာသာစကားနဲ့ အော်ဟစ်နေကြတယ်။ သူနာပြုတွေ လူနာတင်တွန်းလှည်းတွေ ရောက်လာတယ်။ အဘိုးကြီးကို တင်ပြီး အတွင်းဘက်က တံခါးပေါက်တစ်ခုထဲ အပြေးအလွှား တွန်းဝင်သွားကြတယ်။ အရိုးကုဆရာဝန်ကြီးရော၊ ဂျူတီကုတ်နဲ့ ဆရာဝန်ရော၊ အဘိုးကြီးသားတွေ သမီးတွေရော လိုက်သွားကြတယ်။ အရိုးကုဆရာဝန်ကြီးက ကျွန်တော့်ကို လှမ်းပြီး လက်ပြတယ်။ စောင့်နေတဲ့ လူနာတွေထဲက အသက်ကြီးကြီး မိန်းမကြီးတွေကတော့ ထုံးစံအတိုင်း ဘုရားတနေကြတယ်။ ဂျူတီကုတ် ဝတ်ထားတဲ့ ဆရာဝန်ဟာ ခုနက သူတို့ဝင်သွားတဲ့ တံခါးပေါက်ကနေ သုတ်သီးသုတ်ပျာနဲ့ ပြန်ထွက်လာပြီး ကောင်တာပေါ်မှာ တင်ထားရစ်ခဲ့တဲ့ ကော်ဖီခွက် လာယူတယ်။ ကျွန်တော် ရပ်နေတာကို တွေ့တော့ ပြုံးပြီး အသာခေါင်းခါပြတယ်။ သူ့အပြုံးဟာ အတော့်ကို အားယူထားရတဲ့အပြုံး။ ပြီးတော့ အခန်းထဲကို ပြန်ပြေးဝင်ပြီး ပျောက်သွားပါလေရော။ ဘာသဘောနဲ့ သူ ခေါင်းခါပြမှန်းတော့ မသိဘူး။ ကျွန်တော်လည်း ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်မိတယ်။ ခုနက လူနာစောင့်တဲ့နေရာဆီမှာ လောလောဆယ် မသေနိုင်သေးဘူးလို့ စာရေးမလေးပြောခဲ့တဲ့ လူနာတွေ အထဲက အဘိုးကြီးတော့ ခုဆို သေလောက်ပြီလား မသိဘူး။ အရေးပေါ် မဟုတ်ဘူးဆိုပြီး ထိုင်စောင့်နေသေးတဲ့ လူတွေကတော့ ကျွန်တော် တွေးသလို တွေးမိကြပုံ မပေါ်ဘူး။ စာရေးမ ကောင်မလေး ပြန်လာရင်တော့လည်း သူ့သွား ဖွေးဖွေးကလေးတွေနဲ့ ပြုံးပြဦးမှာပဲ။ တကယ်တော့ သေတယ် ရှင်တယ်ဆိုတာ ကိုယ်နဲ့ သိပ်ဆိုင်တဲ့ ကိစ္စတစ်ခု မဟုတ်သလိုပဲ။ ဆရာဝန်တွေနဲ့လည်း သိပ်မဆိုင်ဘူး။ သူတို့က သေဖို့အချိန်ကို ဆွဲဆန့်ပေးကြရုံပဲ။ တတိယအထပ်က စိတ်ပညာအထူးကုဆရာဝန်ကြီးတစ်ယောက် နာရီမပတ်တော့ဘူးဆိုတာ ခုလိုတော့ အဓိပ္ပာယ်အရှိသား။ ဆေးရုံဆိုတာကလည်း ကမ္ဘာကြီးတစ်ခုအထဲက ကမ္ဘာကလေးတွေလိုပဲ။ သူ့ဝင်ရိုးလေး

mgyoe.com

တွေအပေါ်မှာ သူတို့ဘာသာ လည်နေကြတာပဲ။ ဂျူတီကုတ်နဲ့ ဆရာဝန်က ကျွန်တော့်ကို ခေါင်းခါပြသလိုပဲ၊ ကျွန်တော့်ဘာသာ ခေါင်းခါလိုက်မိတယ်။ သူ့လိုပဲ အားယူပြီး ပြုံးလိုက်မိတယ်။ ခပ်လှမ်းလှမ်းဆီက လူနာတင်ကားရဲ့ ဥသြဆွဲသံလို ကြားလာရတယ်။

ငါတော့ဖြင့် လောလောဆယ် မသေလောက်သေးဘူးလို့ပဲတွေးရင်း ဆေးရုံအပြင်ဘက်ကို လျှောက်ထွက်လာခဲ့ပြီး အိမ်ဆီကို ပြန်လာခဲ့မိတော့တယ်။

●

*ချင်းတွင်း၊ (မတ်၊ ၂၀၀၆)*

mgyoe.com

mgyoe.com

# အသံမပြည်သော ခေါင်းလောင်းများ

ငွေဇင်ယော်ဦး (မိုးကုတ်)



ကျွန်မတို့နှစ်ယောက်က ဖက်စပ်ကျောက်တွင်း တစ်ခုတွင် ကျွန်မက ကျောက်ဝယ်သွားရင်း သူက ခန္ဓဲ ဆေးရင်း ခင်မင်ခဲ့ကြခြင်း ဖြစ်သည်။ ဆံပင် နီကျင်ကျင်ကြမ်းကြမ်းလေးတွေ ဖွာဆန်ကြဲနေကာ လွယ်အိတ် စုတ်လေး လွယ်ထားသော လီလီဟန်မှာ အခြားခန္ဓဲဆေး ကလေးများနှင့် ပုံသဏ္ဍာန်ချင်း ထူးပြီး မကွာဟလှပါ။ သို့သော် ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်ဟူသော အရွယ် လေးနှင့်မမျှအောင် စကား ကြီးကြီးကျယ်ကျယ်တွေ ပြောဆိုလေ့ရှိသော၊ သူ့ခန္ဓဲဆေး ကျောက်လေးတွေကို ဈေးမရရအောင် လှည့်ပတ်ပြောရောင်းတတ်ပုံတွေက တော့ အခြားကံလေးများနှင့် မတူတာ အမှန်ပင်။ 'တစ် ရာ့နှစ်ဆယ် မလုပ်ပါနဲ့ အစ်မရယ်၊ တစ်ရာ့ငါးဆယ်ယူ ပါ။ ဒီမှာ အစည်းပွင့်လေးနှစ်ပွင့်တောင် ပါတာပဲ။ တစ် ရာ့ငါးဆယ်မှ ညနေဟင်းဝယ်ပြန်ဖို့လောက်မှာ" ကျွန်မ တစ်ရာတန်သည့် ကျောက်ကို နှစ်ရာပေး ဝယ်ချင်စိတ် ပေါက်သွားရအောင် သူက လေပြည်လေးနှင့် ပြောတတ် သည်။ အရှေ့ဆံယဉ်ကို နဖူးစပ်နီးနီးထိ မညီမညာ ခပ်ထူထူချထားကာ ပေါက်ပြားတိုလေး ပခုံးတွင်ထမ်း၊ ကျောက်ဆေး ဆန်ခါတစ်ချပ်နှင့် သွားကျဲလေးတွေ ပေါ် အောင် ပြုံးရယ်ပြတတ်သော လီလို့ကို ကျွန်မရင်ထဲ အလိုလိုခင်မင်ရင်းနှီးကာ သနားကရုဏာ ပိုမိတာအမှန် ပင်။ 'ရောင်းပါတော့ လီလီရယ်။ ကျောက်ကဖြင့် ဈေး ကုန်နေပြီ။ အစ်မကာ လီလို့ကိုမို့ ပိုဝယ်ပေးတာပါ' 'သမီး ကလည်း အစ်မကိုမို့ လျှော့ရောင်းပေးတာပါ။ ကြည့် ပါဦး အစ်မရယ်။ လက်တွေလည်း တွန့်လိပ်ပွယောင်း လို့ ခြေထောက်တွေလည်း နေ့တိုင်း တစ်နေကုန် ရေထဲ စိမ်နေရတာ ဝဲစားကုန်ပြီ။ ဝယ်ပေးလိုက်ပါ အစ်မရယ်' ကျွန်မကလည်း သူ့အမြဲ ထိုသို့ ပြောရောင်းနေကျမှန်း သိလျက်နှင့် 'မရောင်းရင်နေပေါ့' ဟု တင်းမထားရက် နိုင်။ သာသာနာနာ ဝယ်ပေးရမြဲပင်။

'ဒီအပြောလေးတွေနဲ့ပဲ ကျုပ် ကျောက်ထုပ် လည်း ဈေးတွေ များကုန်ပြီ လီလီရေ'

'အစ်မတို့က နည်းနည်းချင်း ဝယ်ပြီး အထုပ်ကြီး ဖြစ်အောင် စပ်ရောင်းတာပဲဟာ။ မရှုံးပါဘူး အစ်မရယ်'

ကျွန်မက အဖော်မရှိသည်မို့ လီလီဆန်ခါတစ် ချပ်နှင့် ခန္ဓဲဆေးသော နေရာလေး နံဘေးတွင် ပလတ် စတစ်ခုံပုလေးချ၍ ထိုင်ငေးသည်။ လီလီနှင့် အပျင်းပြေ စကားပြောသည်။ သို့ရာတွင် ကျွန်မ ပြောသည်က နည်းနည်း၊ သူပြောတာ နားထောင်ရသည်က များများ ဖြစ်သည်။

mgyoe.com

mgyoe.com

'အစ်မရယ်၊ မရှိလို့သာ လုပ်စားရတာ အရမ်း ပင်ပန်းတာပဲ သိလား'

'ဒါပေမယ့် လီလီတို့အလုပ်က တွက်ချေကိုက် ပါတယ်ဟယ်။ နေ့တိုင်း သုံးလေးငါးရာလောက်တော့ ရောင်းနေရတာပဲ မဟုတ်လား။ အစ်မတို့တောင် နေ့ တိုင်း မမြတ်ဘူး။ ကျောက်ထုပ်ဖြစ်အောင် စိတ်ရှည် လက်ရှည် ဝယ်ပြီးမှ ရောင်းရတာ'

'အစ်မကလည်း အဲဒီရောင်းတဲ့အချိန်ဆိုရင် သမီးတို့ထက် အများကြီး မြတ်တဲ့ဟာကို'

'အစ်မကတော့ သိပ်မမြတ်ပါဘူး လီလီရယ်'

'အင်း . . . ဒါဆို အစ်မကိုက်အောင် သမီး ကျောက်လှလှလေးတွေ ဆေးပြီး ရောင်းပေးမယ်နော်'

တစ်ခါတစ်ရံ ကျွန်မ အနည်းငယ် နေမကောင်း၍ပဲဖြစ်ဖြစ်၊ ကိစ္စဝိစ္စ ကြုံနေ၍ပဲဖြစ်ဖြစ် ထိုတွင်းတော ဘက်မရောက်ဖြစ်လျှင် လီလီက သူ့ကျောက်တွေ မရောင်းဘဲ နောက်ရက် ကျွန်မ သွားချိန်မှ ပေါင်း၍ ရောင်းတတ်သည်။

'လီလီရယ်၊ အစ်မကို စောင့်မနေပါနဲ့။ တွေ့တဲ့ သူကို ရောင်းပေါ့။ ဒီမှာ ကျောက်ဝယ်တဲ့သူတွေ အများ ကြီးပဲဥစ္စာ။ တော်ကြာ အစ်မ လေးငါးဆယ်ရက် မလာ ဖြစ်ရင် လီလီ့အိမ်က ငွေလိုမှာပေါ့'

'အစ်မကလည်း သမီးရတဲ့ ပိုက်ဆံတွေထဲက လေးပုံတစ်ပုံလောက် ဖွဲ့စုထားပါတယ်'

'အံမယ် . .. တယ်ဟုတ်ပါလား။ ဘာဝယ်ချင် လို့လဲ၊ ပြောစမ်းပါဦး'

'ဘာမှ မဝယ်ပါဘူး။ အစ်မလို လှလှလေးဝတ် ပြီး ခုံလေးနဲ့ ကျောက်ထိုင်ဝယ်ချင်လို့ပေါ့'

ကျွန်မ သဘောကျစွာ ရယ်မောလျှင် လီလီက ဂုဏ်ယူ ကျေနပ်ဟန်ဖြင့် ပြုံးပြုံးကြီး လုပ်နေတတ် သည်။ ဒီလိုနှင့်ပင် သူမလာသည့် ရက်တွေဆို ကျွန်မ က လည်တဆန့်ဆန့်မျှော်၊ ကျွန်မ မလာသည့်နေ့မျိုးဆို သူကမျှော်နှင့် သံယောဇဉ်ကြိုးတွေ တစ်ရစ်ပြီးတစ်ရစ် တိုးလာမိသည်။ ရေစက်ဆိုတာ ဘာမှ ပတ်သက်ရန် အကြောင်းမရှိသော လူနှစ်ယောက်ကို ကြုံဖန်ဆုံစည်း ဖြစ်စေတတ်တာ လက်တွေ့ပင်။ နောက် သုံးလအကြာ တွင် ကျွန်မတို့နှစ်ယောက် အမြဲဆုံနေကျ ဖက်စပ်ခွင် တွင် ခနွဲဆေးသမားလေးတွေ ဆက်ဆေးခွင့်မရတော့။ ကျွန်မ လီလီ့အတွက် စိတ်ပူပန်စွာ မေးမြန်းရသည်။ ကျောက်က ဒီခွင်၌သာ များများကျသည်မို့ ခနွဲဆေး တွေ အားထားကြခြင်း ဖြစ်သည်။

'လီလီ၊ ခနွဲမဆေးရတော့ ဘာလုပ်မလဲဟင်'

လီလီက ကြိုတင်တွက်ချက်ထားပြီးဟန်ဖြင့် 'ရေခဲချောင်း ရောင်းမှာပေါ့ အစ်မရဲ့'ဟု အေးအေးဆေး ဆေးပင် ပြန်ပြောပါသည်။

'အစ်မလည်း အားပေးရမှာနော်။ အစ်မအိမ်က ဘယ်ရပ်ကွက်မှာလဲ'

ကျွန်မက ရပ်ကွက်အမည်နှင့် ကျွန်မအိမ်ရှိရာ လမ်းညွှန်ပြောပြတော့ 'ဟာ . . . အစ်မတို့ရပ်ကွက်က သူဌေးတွေပဲ နေတာပဲ'တဲ့။ ကျွန်မ ရယ်ချင်သွားသည်။ နှစ်ထပ်ပျဉ်ထောင်အိမ်တွေများသော ကျွန်မတို့လမ်းကို လီလီလေးက သူဌေးရပ်ကွက်တဲ့လား။ အဲဒီနောက်ပိုင်း နေ့လယ် ဆယ်တစ်နာရီ-သာက်ဆိုလျှင် ကျွန်မတို့ အိမ် ရှေ့တွင် လီလီရဲ့ ရေခဲချောင်း ကလိုင်သံလေးနှင့်အတူ 'ရေခဲချောင်းရမယ်'ဟူသော အသံစူးစူးကလေးကို နေ့ တိုင်း ကြားရတတ်လာသည်။ သူလာလျှင် ကျွန်မက စားစား မစားစား ရေခဲချောင်း နှစ်ချောင်းလောက်တော့ ပုံမှန်ဝယ်ကာ လီလီ့ကို ခြံထဲခေါ်ပြီး နေရိပ်ထဲ ခဏတစ် ဖြုတ် နားစေသည်။ စကားစမြည် ပြောသည်။ တစ်ခါ တစ်ရံ ကျွန်မအိမ်မှ အဝတ်ဟောင်းတွေ ရှာပေးသည်။ လီလီ့အိမ်အတွက် အစားအသောက်တွေ ပေးဖြစ်သည်။ လီလီကလည်း စေတနာကို တုံ့ပြန်သည့်အနေနှင့် မကြာခဏ သူ့အိမ်မှရောင်းသော မုန့်ညှင်းချဉ်များ၊ သူတို့ ခြံထွက် လတ်လတ်ဆတ်ဆတ် မုန့်ညှင်းတွေ၊ ဂန္ဓမာပန်းတွေ ယူလာပေးတတ်သည်။

ကျွန်မအစ်ကိုကတော့ 'မမိုးတို့တော့ ရှားရှားပါး ပါး ညီမ ဖြူဖြူသန့်သန့်လေးတစ်ယောက် ကောက်ရ ထားပြီဟေ့'ဟု စနောက်တတ်သည်။ အံ့သြစရာတော့ အကောင်းသားပင်။ ငယ်ငယ်ကတည်းက အလွန်

mgyoe.com

သပ်ရပ်သန့်ရှင်းကြိုက်သော၊ ကလေးဆိုလျှင်ပင် ဖြူဖြူဖွေးဖွေး သန့်သန့်ရှင်းရှင်းလေးတွေမှ ချစ်တတ်သော ကျွန်မက အမြဲညစ်ပတ်ပေရေနေသော မည်းမည်းသည်းသည်း ကလေးမလေးတစ်ယောက်ကို ကြင်ကြင်နာနာနှင့် ခင်တွယ်နေမိသည်တဲ့လေ။

'လီလီရယ်၊ ကိုက်ကောကိုက်ရဲ့လား'

ရေခဲပုံးကို တနင့်တပိုးလွယ်ကာ ချွေးစက်တွေသီးနေသော လီလီ့မျက်နှာလေးကို ကျွန်မ စိတ်မသက်သာစွာ ကြည့်ရင်း မေးဖြစ်သည်။

'အစ်မရယ်၊ ကိုက်လို့ ရောင်းတဲ့လူ များတာပေါ့လို့'

'လီလီ့အစား အစ်မဖြင့် မောလိုက်တာ'

ထိုအခါ လီလီကပြုံးရယ်ရင်း 'ဒီမှာကြည့် အစ်မ၊ ခေါင်းလောင်းလေးကို ဟောဒီလို လှုပ်ခါလိုက်ရုံလေးနဲ့ ငွေမြတ်တာနော်။ ပေါ့သေးသေး မမှတ်နဲ့'ဟု စနောက်ရင်း ခေါင်းလောင်းကလေးကို ခပ်သွက်သွက် လှုပ်ခါပြတတ်သည်။ လီလီ့ခေါင်းလောင်းသံက နားထောင်၍ မကောင်းလှပါ။

'ဟင် . . . လီလီ့ခေါင်းလောင်းသံကလည်း အက်အက်ကြီး ခေါ်မလား၊ အသံလုံနေတယ်လို့ပဲ ပြောရမလား မသိဘူး။ တခြားခေါင်းလောင်းသံတွေလိုလည်း အသံရှင်ရှင်ပီပီ မရှိဘူးနော်'

'မသိဘူး အစ်မရေ။ အင်း . . . နားထောင်လို့တော့ သိပ်မကောင်းသလိုပဲ။ သမီးမှ မလုပ်တတ်တာ။ သူများ လုပ်ထားတဲ့ အတိုင်းပေါ့။ မတတ်နိုင်ဘူး'

သူများ လုပ်ထားတဲ့ ခေါင်းလောင်း။ အင်း ... ကျွန်မတို့ လူသားတွေကော ကံတရားက ဖန်တီးပြုလုပ်ထားသည့် ခေါင်းလောင်းလေးတွေဟု ဆိုရမည်လား မသိချေ။ အထူးသဖြင့် ကံတရားကြောင့် အသံမပြည်သော ခေါင်းလောင်းလေးတွေ ဖြစ်နေကြရရှာသော လီလီတို့လို ကလေးငယ်တွေရဲ့ ဘဝတွေ။ အရွယ်နှင့်မမျှအောင် ပူပင်မှုတွေ ပြည့်သိပ်နေသော၊ ရုန်းဖယ်မရသော မတန်တဆ ဝန်ထုပ်ဝန်ပိုးများ။

'လူတစ်ယောက်ရဲ့ ဘဝဆိုတာ ကမှအ အထိအပြည့်အစုံ ရေးထားပြီးသား စာအုပ်တစ်အုပ်နဲ့ တူတယ် သမီး။ ဘာပြီးရင် ဘာဆက်ဖြစ်မယ်ဆိုတာ ကံတရားက ရှိပြီးသား။ အဲဒီတော့ ဆင်းရဲတာပဲဖြစ်စေ၊ ချမ်းသာလို့ပဲဖြစ်စေ ရခဲလှတဲ့ လူ့ဘဝလေး ရှားရှားပါးပါး ရခိုက်မှာ တန်ဖိုးထားပါ။ လူဖြစ်ရကျိုးနပ်အောင် ကြိုးစားနေထိုင် ကျင့်ကြံပါ"

အဲဒါ ကျွန်မကို ဖေဖေ ဆုံးမခဲ့ဖူးသော စကားတစ်ခွန်းပဲ ဖြစ်သည်။

'လူတိုင်းမှာ ကံတရားဆိုတဲ့ မျှော်လင့်ချက် ရှိတယ် လီလီ။ အဲဒီကံတရားကို အသက်မထွက်မချင်း စောင့်စား မျှော်လင့်လို့ရတယ်။ လူသေမှ ကံကုန်တယ် ခေါ်တာကိုး။ အခုဆိုလည်း လီလီက ငယ်ငယ်လေး ရှိသေးတယ်။ နောက်ထပ် ဘဝတက်လမ်းတွေ အများကြီးနော်။ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်မှုတွေ ရှိလာမှာပဲ။ နောက်တစ်နှစ်၊ ဒါမှမဟုတ် နောက်ဆယ်နှစ်အတွင်း လီလီဟာ သူဋ္ဌေးမကြီး ဖြစ်မလာဘူးလို့ ပြောနိုင်မလား။ အဲဒီအခါကျမှ အစ်မကို မမြင်ဖူးဘူးဆိုပြီး မလုပ်ရဘူးနော်'

ကျွန်မ စကားကို လီလီက မျက်စိပေါက်များ ပိတ်အောင် ပြုံးရယ်ရင်း 'ထီပေါက်ရင်လား အစ်မ'တဲ့။

'ဪ . . . လီလီက ကျောက်လည်း ဆေးတတ်တာပဲ။ သိန်းရာချီ၊ ထောင်ချီ ကျောက်ရ၊ မရ အတပ်ပြောနိုင်လို့လား။ ထီပေါက်တာလည်း ဖြစ်နိုင်တာပဲ။ ကံတရားဆိုတာ ဖြစ်ချင်ရင် ခဏလေးပါ လီလီရယ်။ ကံအလှည့်မပေးခင်တော့ ဉာဏ်နဲ့ ဝီရိယကို စိုက်ထုတ်ပြီး ဘဝကို တတ်နိုင်သမျှ ရုန်းကန်ကြမှာပဲ'

ကျွန်မ စကားကို သူ နားလည် မလည်တော့ မသိ။ ငြိမ်သက်စွာဖြင့် လေးလေးနက်နက် နားထောင်ဖော်ရတာကတော့ အမှန်ပင်။ ပြီးမှ ပြုံးမဲ့မဲ့နှင့် တိုးတိုးလေး ညည်းညူရှာသည်။

'ထီပေါက်ဖို့ဆိုတာကလည်း ထီထိုးဖို့ ပိုက်ဆံရှိမှပေါ့။ သမီးမှ ဖွဲ့မထိုးနိုင်တာ မျှော်လင့်လို့ မရပါဘူး'

ဘဝနာမှ အသိသာသတဲ့။ လီလီအသိတွေ အရွယ်နှင့်မလိုက်အောင် ရင့်ကျက်လွန်းနေသည်။

mgyoe.com

mgyoe.com


ကျွန်မတို့နှစ်ယောက်သည် ရှစ်နှစ်လောက် ကွာသော်လည်း လောကကြီးအကြောင်းကို တီးခေါက်မိရာ၌ ရှစ်ပုံတစ်ပုံမျှပင် မကွာ။ ကျွန်မက အသက်အရွယ်၏ အသိဉာဏ် ဗဟုသုတမှရသောအသိနှင့် စာဖတ်၍ရသော စာတွေ့အသိ။ လီလီက ဘဝကို လက်တွေ့ရုန်းကန်၍ ရင်ဝယ်ပိုက်ထားရသည့်အသိ။ ထိုအသိနှစ်ခုကို ချိန်ထိုးကြည့်လျှင် ကျွန်မကြီးပြင်း ဖြတ်သန်းလာခဲ့ရသော ဘဝအနေအထားသည် သာယာဖြောင့်ဖြူးလှသလိုပင်။ ကျွန်မဘဝက ပြည့်စုံလွန်း၍ မဟုတ်ဘဲ လီလီရဲ့ အနုတ်လက္ခဏာ ဘဝကြမ်းနှင့် နှိုင်းဆ၍ ထိုသို့တွေးမြင်၍ ရသွားခြင်း ဖြစ်နိုင်သည်။ အသားလတ်သူနှင့် အသားမည်းလှသူကို ယှဉ် တွဲထိုင်စေသလိုမျိုးပေါ့။ အသားလတ်သူက ဖြူသွားသယောင်ဖြစ်ကာ အသားမည်းသူက ပို၍ အကျည်းတန်သွားသည်နှင့် တူမည်။

'လီလီရေ၊ ဒီလကုန်ရင် အစ်မ မန္တလေးမှာ ကျောင်းသွားတက်ရတော့မယ်'

'ကျောင်း၊ ဟယ် . . . အစ်မက ဘာကျောင်းသွားတက်မှာလဲ'

'နောက်ဆုံးနှစ် တက္ကသိုလ် သွားတက်ရမှာလေ။ သိပ်မကြာပါဘူး။ တစ်လကျော်လောက်ပဲ'

'သမီးတော့ လွမ်းနေတော့မှာပဲ။ ဒါနဲ့ အစ်မ တစ်ယောက်တည်းလားဟင်'

'ဟင့်အင်း၊ ဟိုမှာ သူငယ်ချင်းတွေနဲ့ သွားဆုံကြမှာ။ သူတို့က အဆောင်ကြိုငှားထားပြီးသား။ အစ်မတို့ ငါးယောက်အဖွဲ့လေ။ အတူအိပ်၊ အတူစား၊ ကျောင်း အတူသွားပေါ့'

'ဟင် . . . ပျော်စရာ ကောင်းမှာပေါ့နော်'

'ဒါပေါ့၊ စာကျက်လိုက်၊ ကျောင်းတက်လိုက်၊ သူငယ်ချင်းတွေ အများကြီးနဲ့ တစ်နေရာပြီး တစ်နေရာ လည်ပတ်လိုက်၊ ခရီးတွေ ထွက်လိုက်နဲ့ တစ်လက ဖြုတ်ခနဲဆို ကုန်သွားကော'

'အဲဒါက ပိုက်ဆံရှိမှ တက်ရမှာလားဟင်'

'မဟုတ်ပါဘူး။ ဆယ်တန်းအောင်ရင်တက်လို့ရတယ်။ လီလီရော ဘယ်နှတန်းထိ နေခဲ့ဖူးလဲဟင်'

'နှစ်တန်းအထိပဲ အစ်မ'

'အင်း . . . အဆင်ပြေရင် နောင်နှစ် ကျောင်းပြန်တက်ပြီး ဆယ်တန်းအောင်အောင် ကြိုးစားပေါ့'

ထိုအခါ လီလီက လူကြီး တစ်ယောက်သဖွယ် ခေါင်းကို ခပ်လေးလေး ယမ်းပြရှာသည်။

'မဖြစ်ပါဘူး အစ်မရယ်။ အခုတောင် သမီး အသက် ဆယ့်သုံးနှစ်ရှိနေပြီ။ အခုမှ သုံးတန်း ပြန်တက်ရဦးမယ်ဆိုရင် ရှက်စရာကြီး။ ပြီးတော့ အမေက တစ်နှစ်ကို ကလေးတစ်ယောက်လောက် မွေးနေတာ။ သမီးအောက်မှာ အငယ်လေးယောက် ရှိသေးတယ်။ ကျောင်းသားချည်းပဲ သုံးယောက်'

'အဖေကကောဟင်'

'အဖေက ကောင်းကောင်း မကျန်းမာဘူးလေ။ ငှက်ဖျားကြောင့် ဒီနှစ်ထဲမှာကို အိပ်ရာထဲ ခဏခဏလဲနေတာ။ အဖေ့ဆေးကုသစရိတ်နဲ့ စားစရိတ်တောင် အမေနဲ့ သမီး မနည်းရှာနေရတာ။ ကျောင်းပြန်တက်ဖို့ မဖြစ်ပါဘူး အစ်မ'

ကျွန်မ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားရပါသည်။ စိတ်ထဲမှာလည်း ကျွန်မကို မပူမပင်မကြောင့်မကြ ပညာသင်စေခဲ့သော၊ ရှာဖွေကျွေးမွေး ကြီးပြင်းစေခဲ့သော မိဘနှစ်ပါး၏ ကျေးဇူးတရားကို နက်နက်နဲနဲ အောက်မေ့မိသည်။ လီလီနေရာ၌ ကျွန်မသာဆိုလျှင် ဤမျှ သတ္တိရှိရှိနှင့် ဘဝကို ရုန်းကန်လှုပ်ရှားနိုင်ပါ့မလားဆိုတာ မသေချာ။

'အင်းလေ၊ လီလီက မိဘကို ကူညီရှာဖွေပြီး အငယ်တွေ တက္ကသိုလ်တက်ရအောင် ကြိုးစားတာလည်း ကောင်းတာပါပဲ။ သူတို့ တက္ကသိုလ် ရောက်တော့လည်း လီလီဂုဏ်ယူပြီး ဝမ်းသာပီတိ ဖြစ်ရမှာပဲလေ'

ဒီလိုနှင့်ပင် ကျွန်မတို့နှစ်ယောက် ခွဲခွာ၍ မန္တလေးသို့ ကျွန်မ ကျောင်းသွားတက်ရသည်။ ထို တစ်လလုံး တစ်ခါတစ်ရံ သတိရမိသည်ကလွဲ၍ ကျွန်မ လီလီကို မေ့လျော့နေခဲ့တာတော့ ဝန်ခံရမည်။ ကျောင်း

mgyoe.com

 mgyoe.com



စာများ၊ ပျော်စရာများနှင့် လုံးထွေးလည်ပတ်ရင်း ကျွန်မအာရုံထဲ လီလီကို နေရာမပေးနိုင်ခဲ့ချေ။ စာမေးပွဲ ဖြေပြီးတော့ ကျွန်မသူငယ်ချင်းတွေပါ မြို့အပြန် အလည်လိုက်လာကြပါသည်။ ကျွန်မ ပြန်ရောက်ပြီး နောက်ရက် မနက်ခင်းမှာ လီလီ ရောက်ချလာပါသည်။ ထိုအချိန်တွင် ကျွန်မတို့ သူငယ်ချင်းတွေ ဧည့်ခန်းထဲတွင် ထိုင်၍ ရယ်ရယ်မောမောနှင့် ဆူညံစွာ စကားပြောနေကြသည်မို့ လီလီရေခဲချောင်း ခေါင်းလောင်းသံကို သတိမထားမိလိုက်ချေ။

'အစ်မ'

ခေါ်သံ စူးစူးကြောင့် ကျွန်မတို့စကားဝိုင်း ရုတ်ခြည်း တိတ်ဆိတ်သွားကာ ပြိုင်တူလိုလိုပင် အကြည့်အားလုံးက တံခါးဝကို စုပြုံကျရောက်သည်။ ထိုတံခါးဝတွင် ရေခဲပုံးကို ပခုံးတစ်ဖက်စောင်းနေအောင် လွယ်ပိုးထားကာ ထုံးစံအတိုင်း နွမ်းညစ်နေသည့် ဖာရာ ဗရပွဝတ်စုံလေးနှင့် လီလီက ကျွန်မကို ဝမ်းသာစွာ လှမ်းရယ်ပြလျက် ရှိသည်။

တဒင်္ဂအတွင်း ကျွန်မစိတ်ထဲ ဘာကို အလိုမကျမှန်း မသိစွာ နောက်ကျိရှုပ်ထွေးသွားသည်။

'ဟဲ့ . . . ဒီရေခဲချောင်းသည်လေးက ရဲတင်းလှချည်လား မိုးရဲ့။ အိမ်ထဲအထိတောင် ကျူးကျူးကျော်ကျော်။ ဘာလဲ နင်ဝယ်နေကျမို့လား'

ကျွန်မတို့အဖွဲ့ထဲတွင် အပြည့်စုံဆုံးဖြစ်သော အိအသံ တိုးတိုးကျိတ်ကျိတ် စထွက်လာသည်။ ကျွန်မယောင်နနနှင့် ခေါင်းညိတ်ပြမိသည်။

'ဟိတ် . . . ဒီနေ့ မဝယ်သေးဘူးနော်'

လီလီက ကျွန်မစကားကို မကြားလိုက်သယောင်ဖြင့် မျက်လုံးလေးဝိုင်းကာ မေးဆတ်ပြသည်။ ကျွတ် . . . ကျွန်မ စိတ်ရှုပ်သွားသည်။

'ဒီနေ့ မဝယ်သေးဘူးလို့ ပြောတာ'

တကယ်ဆိုလျှင် ရေခဲချောင်းရောင်းရန် သက်သက်နှင့် လီလီ ဒီကိုရောက်လာခြင်း မဟုတ်တာ ကျွန်မသိသည်။ သို့သော် ကျွန်မစိတ်ထဲ ကျွန်မတို့ နှစ်ယောက်၏ရင်းနှီးပတ်သက်မှုကို သူငယ်ချင်းတွေ သိမှာကို စိုးရိမ်ရုက်ရှုံ့နေမိတာ ဘာကြောင့်မှန်း မသိချေ။ လီလီ့မျက်နှာတွင် အပြုံးလျော့သွားပေမယ့်နေရာမှ မခွာသေးဘဲ ကျွန်မကို တစ်စုံတစ်ခု ပြောလိုသေးဟန်ဖြင့် လှမ်းကြည့်လျက် ရှိသည်။ ဒါကို ကျွန်မ သူငယ်ချင်းတွေက တစ်မျိုးမြင်ကြပုံရသည်။

'အံမယ် . . . ယူ့ဘော်ဒါလေးက ဘာဒီဖိုင်းလဲဟ။ မဝယ်သေးဘူးဆိုလည်း မရဘူး။ ခပ်တင်းတင်းပဲ'

ဖြူ့စကားက ကျွန်မကလွဲပြီး ကျန်သူတွေကို ရယ်မောစေပါသည်။ ကျွန်မစိတ်ထဲ တင်းခနဲ ဖြစ်သွားရသည်။

'မယူသေးဘူးလို့ ပြောနေတယ်လေ။ ပြန်တော့လို့'

လီလီအပြုံးတွေပျောက်သွားကာ မျက်နှာကွက်ခနဲ ပျက်သွားသည်။ ထို့နောက် ဖြည်းဖြည်းချင်းလှည့်ကာ ငိုက်စိုက်ငိုက်စိုက်နှင့် ထွက်သွားတော့ ကျွန်မရင်ထဲ ဟာခနဲ ဖြစ်သွားသည်။ သူငယ်ချင်းတွေကတော့ ဘာမှ မသိကြသည်မို့ စောစောက အတိုင်းပင် စကားသံတွေ ပြန်ဆူညံလာသည်။ ကျွန်မက စိတ်မဝင်စားနိုင်တော့ဘဲ စိတ်ထဲတစ်မျိုးကြီး ဖြစ်သွားသည်။ ကျွန်မသိပ်လွန်သွားပြီ ထင်သည်။ တစ်ဖက်သားအပေါ် မောက်မာရက်စက်ရာကျပြီ ထင်သည်။ ကျွန်မ ပြတင်းပေါက်မှတစ်ဆင့် လီလီထွက်သွားတာကို ငူငူကြီးငေးကြည့်နေမိ သည်။ လီလီရင်ထဲ ဘာဖြစ်သွားမလဲဟုတွေးမိတော့ ငိုချင်လာကာ ကျွန်မ နောင်တရသလို ဖြစ်သွားရသည်။ ခြံထဲမှ ပြန်ထွက်သွားသည်ကအစ တစ်ဖက်လမ်းထိပ်သို့ ရောက်သည်အထိ လီလီရဲ့ ခေါင်းလောင်းသံလေး မကြားရသလို 'ရေခဲချောင်းရမယ်'ဟူသော အသံစူးစူးကလေးကိုလည်း မကြားရချေ။ တစ်စုံတစ်ခု၏စေ့ဆော်မှုဖြင့် ကျွန်မ ကပျာကယာထကာ ခြံဝမှ ထွက်ကြည့်လိုက်ချိန်တွင် လီလီ၏ လှည့်ပြန်ငဲ့ကြည့်လာသော မျက်ဝန်းလေးတွေနှင့် ဆုံသည်။ ထိုမျက်ဝန်းလေးများသည် ကျွန်မရင်တစ်ခုလုံးကို နွမ်းလျကြေကွဲသွားရလောက်အောင် အရှိန်ပြင်းလွန်းသော အစွမ်းသတ္တိတွေ ရှိနေကြသည်။ လီလီကို ပြုံးပြဖို့

mgyoe.com

mgyoe.com


ကျွန်မ အားယူကြိုးစားလိုက်စဉ်မှာပဲ လီလီက ချာခနဲ လှည့်ကာ လမ်းထောင့်ဘက်ချိုးဝင် ကျောခိုင်းသွားတော့သည်။

အိုး . . . ကျွန်မရင်ထဲ လှိုက်ခနဲ လှစ်ဟာ ဝမ်းနည်းသွားသည်။

ထိုတစ်နေ့လုံး ကျွန်မ တမြည့်မြည့်နှင့် စိတ်မချမ်းမြေ့သာ ဖြစ်နေရသည်။ သူငယ်ချင်းတွေ ပြန်၍ ကျွန်မ အရောင်းအဝယ် ပြန်ထွက်ဖြစ်မှပဲ လီလို့ကို ချော့မော့ တောင်းပန်ဖို့ တေးထားမိသည်။ သို့သော် တကယ် လက်တွေ့မှာ လီလီကို တော်တော်နှင့် မတွေ့ရချေ။ တွင်းတောတွေဘက် လျှောက်၍ လီလီတစ်ယောက် ခန္ဓဲ ဆေးလေမည်လားဟု တွေ့လိုတွေ့ငြား ရှာမိသည်။ မ တွေ့ရပါ။ လီလီလာလျှင် ကျွန်မကို လာတွေ့ရန် ပြော ပေးဖို့ မေမေ့ကို မှာထားသော်လည်း ကျွန်မအိမ်ဘက်သို့ လုံးဝမလာကြောင်း သိရပြန်သည်။ ကျွန်မ တစ်ရက်မှ စိတ်မပျော်တော့ပါ။ အချိန်နှင့်အမျှ စိတ်က လီလီထံ ရောက်နေကာ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်ချင်။ အိမ် သို့ လိုက်သွားတွေ့ရအောင်ကလည်း ကျွန်မ လီလို့ အိမ်ကိုမသိ။ ယုတ်စွအဆုံး လီလီနေသည်ဆိုသော တောင်ပေါ်ရွာကလေးသို့ ဘယ်လမ်းမှ တက်သွားရ သည်ကိုပင် မသိချေ။ လီလီ လက်ညှိုးထိုးပြခဲ့ဖူးသော တောင်စောင်းထိပ်မှ တဲစုကလေးများကိုသာ ငေးမော ကြည့်ရင်း သက်ပြင်းအကြိမ်ကြိမ်ချမိသည်။

တစ်ခုသော တနင်္ဂနွေနေ့မှာတော့ ကျွန်မနှင့် လီလီ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တွေ့ရပါသည်။ မျက်နှာ ချင်းဆိုင် အနေအထားနှင့်မဟုတ်။ ရေခဲပုံးကို လေးပင် စွာ လွယ်ရင်း ငိုက်စိုက်ငိုက်စိုက် သွားနေသော လီလို့ နောက်ကျောကို ကျွန်မ လှမ်းမြင်လိုက်ခြင်းပင်။ ကျွန်မ မျက်ရည်လည်မိမတတ် ဝမ်းသာသွားရတာအမှန်ပင်။

လီလီက အတော်လှမ်းလှမ်း ရောက်နေပြီမို့ ကျွန်မ အပြေးလိုက်ရသည်။

'လီလီ'

ကျွန်မအသံက လှိုက်လှဲမှုနှင့် တုန်ယင်လျက်ရှိ သည်။ လှည့်ကြည့်လာသော လီလီမျက်ဝန်းထဲတွင် ကျွန်မကိုမြင်၍ အံ့သြသွားဟန် ခေတ္တပေါ်လာပြီး ဖျတ် ခနဲ ပြန်လည်အေးစက် မှိုင်းမှုန်သွားသည်။ ကျွန်မက တော့ ပြေးလွှားခဲ့ရမှုနှင့် စိတ်လှုပ်ရှားမှုပေါင်းကာ မော ဟိုက်နေသည်မို့ တော်တော်နှင့် စကားမစနိုင်။ လီလီက ကျွန်မကို အဓိပ္ပာယ်ဖော်ရခက်သော အကြည့်မျိုးနှင့် တစ်ချက်လှမ်းကြည့်ကာ အသက်မပါလှစွာဖြင့် 'ရေခဲ ချောင်းကုန်ပြီ အစ်မ'တဲ့။

ကျွန်မ ရင်ထဲ လှပ်ခနဲ ဆို့တက်သွားသည်။ ကျွန်မ ပြောခဲ့စဉ်က လီလီ ဘယ်လိုခံစားရမှန်း ကိုယ် ချင်းစာမိပြီဖြစ်သည်။

'ဟိုး . . . အရင်ရက်တွေတုန်းက ဘာလို့ မလာ တာလဲဟင်။ အစ်မ မင်းကို ရှာနေတာ'

ကျွန်မစကားကို လီလီက မတုန်မလှုပ် နား ထောင်နေသည်။ ပြီးမှ အေးတိအေးစက်နှင့် 'ဘာလို့ ရှာတာလဲ။ အိမ်မှာ အမေ့ကို ပဲပုပ်တွေ ကူလုပ်ပေးနေ တာ သမီးမအားဘူး'

'ဩော် . . . ဟိုတစ်ရက်က အစ်မ သူငယ်ချင်း တွေရှေ့မှာ လီလို့ကို ဧည့်ဝတ်မကျေလိုက်မိတဲ့အတွက် တောင်းပန်မလို့ပါ လီလီရယ်။ အစ်မကို ခွင့်လွှတ်ရဲ့ လားဟင်။ စိတ်မဆိုးဘူးလား ပြောပါဦး'

ကျွန်မကို ကြည့်နေသော လီလို့မျက်ဝန်းလေး တွေက မြေပြင်ဆီသို့ စင်းကျသွားသည်မို့ သူ့သဘော ထားကို ကျွန်မ အကဲဖမ်း၍ မရလိုက်ချေ။

'အဲဒီနေ့က အဖေဆုံးတာ ဆယ်ရက်ပြည့်တဲ့နေ့ ပဲ။ အစ်မကိုလည်း ဘယ်နေ့ပြန်လာမလဲလို့ လကုန်က တည်းက သွားသွားကြည့်နေမိတာ။ အဖေဆုံးတဲ့ ရက် တွေမှာ သွားမကြည့်နိုင်လို့ အစ်မများ ပြန်ရောက်နေပြီ လားဆိုပြီး ဝင်ကြည့်မိတာပါ။ အဖေ့အကြောင်းလည်း ပြောရင်း ပြီးတော့ . . .'

လီလို့အသံ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွား သည်။

'ပြီးတော့ . . . ဘာဖြစ်လဲဟင်'

'အစ်မကို သတိရလို့၊ ဒါပေမယ့် . . .'

ကျွန်မရင်နှင့်သွားကာ လီလို့ရဲ့ ခေါင်းလောင်း

mgyoe.com

mgyoe.com



ကိုင်ထားသည့် လက်ကြမ်းကြမ်းလေးကို ကြင်နာစွာ ဆုပ်ကိုင်လိုက်မိသည်။ မင်း ဆက်မပြောလည်း အစ်မ သိပါပြီ ကလေးရယ်။ လီလီက ကျွန်မကို နွမ်းလျစွာ ပြုံးပြရင်း လက်ပြန်ရုန်းထွက်သွားသည်မို့ ခေါင်းလောင်းသံ စီခနဲ ညံသွားသည်။ သြော် . . . ကျွန်မက လီလီတို့လို ကလေးတွေကို အသံမမြည်သော ခေါင်းလောင်းတွေဟု တင်စားခဲ့သတဲ့။ အမှန်က သူတို့လေးတွေခမျာ ကံတရားကြောင့်သာ အသံမြည်ခွင့် မရ သော ခေါင်းလောင်းလေးတွေ ဖြစ်ရရှာတာ။ ကျွန်မလို လူစားမျိုးတွေကသာ။

'သမီး သွားတော့မယ် အစ်မ။ ရေခဲပုံး ပြန်အပ်ရဦးမယ်'

'နေပါဦး၊ နေပါဦးလား လီလီရယ်။ နောက်ကို အစ်မဆီ လာဦးမှာလားဟင်'

လီလီက ခေါင်းမညိတ်၊ ခေါင်းမခါဘဲ ကျွန်မကို ကြာမြင့်စွာ ငေးမောကြည့်နေပုံကလေးက အလွန်ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်နေပါသည်။ သူ့မျက်ဝန်းထဲတွင် ကျွန်မနှင့်ပတ်သက်၍ ယခင်ကမတွေ့ခဲ့ရဖူးသော ဝမ်းနည်းအားငယ်ရိပ်များ ယှက်သန်းလျက်ရှိသည်။ ကျွန်မ ဘာကြောင့်များ ဤမျှ မိုက်မဲခဲ့ရတာလဲတဲ့။

'ကြုံရင် လာခဲ့မှာပေါ့။ သွားမယ်နော် . . . အစ်မ'

ပြောပြောဆိုဆိုနှင့် ကျွန်မကို ကျောခိုင်းလှည့်ထွက်သွားသော လီလီ့ကိုကြည့်ရင်း ကျွန်မ ရင်ဘတ်တစ်နေရာတွင် စူးခနဲအောင့်လာသည်။ လီလီနှင့် ကျွန်မကြား အရင်လို ဆက်ဆံရေးမျိုးကို ပြန်လည် ပိုင်ဆိုင်ခွင့်ရဦးမှာလား။ သေချာရဲ့လား ကလေးရယ်။ မင်းလာမှာပါလို့ အစ်မ ယုံကြည်နေချင်သေးလို့ပါ...။

ကျွန်မ မျက်ရည်တစ်စက် ပေါက်ခနဲ ကျသွားပါသည်။ ●

*ရွှေအမြုတေ၊ (မတ်၊ ၂၀၀၆)*

mgyoe.com

mgyoe.com

# ယနေ့မှစ အနှစ်တစ်ရာတိုင်

သက်ထွန်း (ဆေးသိပ္ပံ)



ဒီလောက် ကြီးကျယ်ခမ်းနားသည့် မင်္ဂလာပွဲမျိုး ကျွန်တော့်တစ်သက် ဒီတစ်ခါပဲ တက်ဖူးသည်။ ကျွန်တော်တို့ မမွေးခင်က နိုင်ငံမျက်နှာဖုံး မြို့မျက်နှာဖုံး ဒိတ်ဒိတ်ကျဲဆိုသူတို့သည် တောင်းဟောလ်စီးတီး ဟော်လ်တို့မှာ မင်္ဂလာပွဲကြီးကို အံ့ချီးသဖွယ် ကျင်းပကြသည်။ ကျွန်တော်တို့ လူပျိုဘဝမှာတော့ ကိုရီလာ ကရဝိတ် အင်းလျားလိတ်နဲ့ ရွှေသည်းခြေဟု ဝတ္တုတွေထဲမှာ ထည့်ရေးရလောက်အောင် အဲသည့်နေရာတွေမှာ ဆောင်မှ မျက်နှာကြီး မင်္ဂလာဆောင်။

ခုခေတ်မှာတော့ နိုင်ငံ့ကျက်သရေဆောင် တောင်းဟောလ်လို နေရာမျိုးမှာ ခွင့်ပြုမိန့်ပေးလျှင်တောင် ဘယ်သူမျှ မင်္ဂလာဆောင်ကြမည်မဟုတ်တော့။ အင်းလျားလိတ်ဆိုတာ နားလိုက်တော့။ ကရဝိတ်လည်း သနားတယ်။ သမ္မတ စထရင်းရှားမီးကွန်တီနယ်တယ်လ်၊ အလိုလေးလေး၊ နားဝယ် လက်မခံ ညီစော်နံ လိုက်ပါဘိ။

အခု ကာလကြီးဆီဝယ်တော့ ခေတ်သစ်ကြီးမှာ တည်ဆောက်လိုက်သော ကြယ်ပွင့်များစွာနှင့် ဟိုတယ်သစ်ကြီးများမှာ မင်္ဂလာဆောင်ကြသည်။ မျက်နှာကြီးလျှင် ကြီးသလို ဟိုတယ်၏ ကြယ်ပွင့်များ ပိုများလာသည်။ လောလောဆယ်၌ ရွှေနိုင်ငံတော်ကြီး၏ ရွှေမျက်နှာ အကြီးဆုံးသော ရွှေမြန်မာတို့သည် ကြယ်ပွင့်ခုနစ်ပွင့်အဆင့်ရှိ 'ခုနစ်စဉ်ကြယ်' ဟိုတယ်အသစ်ကြီးတွင်မှ မင်္ဂလာဆောင်မလုပ်လိုက်ရလျှင်–

သတို့သားနှင့် သတို့သမီးတို့သည် လင်မယားအရာမမြောက်၊ သားသမီး မထွန်းကား ထင်းပုံခေါင်းချမပေါင်းရဟုများ ယူဆထားကြလေရော့လား မသိ။ အကြောင်းမှာ ခုနစ်စဉ်ကြယ် ဟိုတယ်သည် အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး ဝန်ဆောင်ခ ဈေးအကြီးဆုံးဖြစ်ချေဘိသောကြောင့်ပင်။ ခုနစ်စဉ်ကြယ် ဟိုတယ်လ်မှာ ကျင်းပသည့် မင်္ဂလာပွဲဆိုလျှင် မင်္ဂလာဆောင် ကြော်ငြာကြီးကို အဆွေတော် ဖတ်ရပါမည်။

တောတို့၏ အဓိပတိကား မဟာမြိုင်၊ တိရစ္ဆာန်တို့၏အဓိပတိကား ကေသရာဇာ၊ တွားသွားတို့၏ အဓိပတိကား ဖွတ်ကျား၊ ခွေးတို့၏ အဓိပတိကား ဗာစကာဗီးလ်၊ မင်္ဂလာဆောင်တို့၏ အဓိပတိကား မင်းသားမောင်ညီပြုံးနှင့် မင်းသမီး ခင်ခင်ခါတို့၏ မင်္ဂလာဆောင် ဖြစ်ချေဘိသည်။

သတို့သမီးနှင့် သတို့သားနှစ်ယောက်စလုံးတို့သည် ရုပ်ရှင်လည်းရိုက်၊ ကြော်ငြာလည်းရိုက်၊ ဗီဒီယို

mgyoe.com